mgyoe.com

SAMPLE BOOK



# CLOUD NINE

LUANNE RICE

တင်မောင်မြင့်

မြန်မာပြန်

# မိုးတိမ်လွှာ

2021.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com

SAMPLE BOOK



တင်မောင်မြင့်

မြန်မာပြန်

# မိုးတိမ်လွှာ

# CLOUD NINE

LUANNE RICE

ISBN 978-99971-44-57-7

K0445

9 789997 144577

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဒီဇင်ဘာလ၊ ၂၀၂၁ ခုနှစ်၊
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကျော်မင်းမောင်
တန်ဖိုး - ၄၂၀၀ ကျပ်

mgyoe.com

mgyoe.com

SAMPLE BOOK

# CLOUD NINE

LUANNE RICE

တင်မောင်မြင့်

မြန်မာပြန်



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## Cloud Nine မိုးတိမ်လွှာနှင့် စပ်လျဉ်း၍

လူအန်နိုက်စ် (Luanne Rice) ကို ၁၉၅၅ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စု ကနက်တီကက်ပြည်နယ်၌ မွေးဖွားသည်။ စာအုပ်(၃၆)အုပ်ရေးပြီး၊ (၂၆)အုပ်မှာ နိုင်ငံတကာ ဘာသာပြန်ဆိုရသည့် နာမည်ကျော် စာအုပ်များ ဖြစ်သည်။ အချစ်နှင့် အိမ်ထောင်ရေးကို အလေးအနက်ထားပြီး သဘာဝသိပ္ပံနှင့် အဏ္ဏဝါဗေဒနောက်ခံ ဝတ္ထုတွေများသည်။ ထို့ကြောင့် မစ္စရိုက်သည် နယူးယောက်တိုင်းမ် သတင်းစာကြီး၏ ရောင်းအကောင်းဆုံး စာရင်းဝင် စာရေးဆရာမ ဖြစ်လာခဲ့သည်။ ဝတ္ထုအချို့ CBS အတွက် တီဗီဇာတ်လမ်းတွဲ ရိုက်ရသည်။ Crazy Love နှင့် Silver Bell ကို ရုပ်ရှင်ရိုက်ရသည်။

ဆရာမက မိုးတိမ်လွှာ (Cloud Nine) ကို ရေးရာတွင် သည်လို တိုတိုတုတ်တုတ် ပြောခဲ့ဖူးသည်။

"ဇာတ်ကောင်တွေဟာ သူတို့ဘာသာ သူတို့ လှုပ်ရှားသွားကြတာပါ၊ ဘယ်လိုလုပ်၊ ဘယ်လိုပြော ဆိုပြီး ကျွန်မ ကြိုးမကိုင်ပါဘူး"

သို့သော် ခြုံလိုက်လျှင် 'အချစ်၏ ခွန်အားသည် သေခြင်းတရားကိုပင် ဟန့်တားနိုင်သည်၊ အံတုနိုင်သည်' ဆိုသည့် Theme ကိုတော့ စာရေးဆရာမက အလေးအနက်ထားပြီး ရေးသွားသည်။

*

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်ငံတကာမှ မြို့ကြီးများတွင် အေ့ဘ်ဘွတ်(စ်) (Abebooks)အာမဇွန် (Amazon) ကြီးပွားရေး (Thriftbooks) စသည့် စာအုပ်သန်းပေါင်းများစွာ online မှ ရောင်းချနေသော ဆိုင်ကြီးများရှိသည်။

သူတို့က နိုင်ငံတကာမှ စာဖတ်ဝါသနာပါသည့် စာကြမ်းပိုးများ၊ စာအိုးများထံမှ သူတို့ကြိုက်သည့် စာအုပ်များကို Review ရေးစေ၍ သူတို့ တိုက်ထုတ် online စာအုပ်ကြော်ငြာများတွင် ထည့်ပေးလေ့ရှိသည်။ သည်လို Review များတွင် အများဆုံး ကြယ်ငါးပွင့် အမှတ်ပေးသည်။

ဆရာမ လူအန်ရိုက်စ်၏ Cloud Nine ကို ထောင်ပေါင်းများစွာ ရေးကြရာတွင် ကြယ်ငါးပွင့်၊ လေးပွင့် နှင့် လေးပွင့်ခွဲအောက် မပါသလောက် လူကြိုက်များသည့် စာအုပ်အဖြစ် နာမည်ရခဲ့သည်။

ယင်းတို့အနက်မှ အချို့မှာ…

- ကျွန်မ Cloud Nine ကို ခုပဲဖတ်ပြီးပါတယ်။ ရပ်ထားလို့လည်း မရဘူး။ အငိုလည်း မတိတ်နိုင်ဘူး။ ဒီစာအုပ်ကို ဖတ်မယ်ဆိုရင် စက္ကူလက်သုတ်ပဝါတော့ အနားမှာ အဆင်သင့်ထားပါလို့ ကြိုပြောပါရစေ နော်…။
- မစ္စရိုက်စ်ရဲ့ စာအုပ်ကို ဒါပထမဆုံး ဖတ်ဖူးတာပါ။ အမှတ်မထင် ဝယ်ခဲ့တာပါ။ နောင်ထွက်သမျှ ဝယ်ဖတ်တော့မယ်။ ဒီစာအုပ်ကတော့ ကလေးတွေပါ ဖတ်ရမယ့် စာအုပ်ပါ။ အဲ… ဖတ်ပြီဆိုရင် လက်ကိုင်ပဝါတော့ ဆောင်ထားနော်။
- ကတ်ထူဖုံးနဲ့ ခန့်ချုပ် စထွက်ထွက်ချင်း ကျွန်တော် မဝယ်လိုက်တာ သိပ်နာသွားတယ်။ ရိုးရိုးလေးနဲ့ ကျွန်တော် အကြိုက်ဆုံး ဇာတ်လမ်းမို့ပါ။ ရင်နဲ့အမျှ ခံစားရတဲ့ စာအုပ်မျိုးပါ။ ဇာတ်လမ်းက ရိုးပေမယ့် သိပ်လှတဲ့ မေတ္တာဇာတ်လမ်းပါ။ ဇာတ်ကောင်တိုင်းဟာ အသက်ဝင် လှုပ်ရှားနေတယ်။ ဖတ်နေရင်း ဆုံးမှာစိုးလာတယ်။ ဆုံးမှာ ကြောက်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

- သည်ဝတ္ထုကို အကောင်းဆုံး စကားလုံးတွေနဲ့ တွေးပြီး ညွှန်းရရင် 'သိပ်ချစ်ဖို့ကောင်းတဲ့ ဝတ္ထု' လို့ပဲ ဆိုရပါမယ်။ အတိတ်အနာဟောင်းတွေ ကျက်ခါနီးမှ ချစ်သူနှစ်ဦးတို့…
- နောက်မွေးနေ့အထိ 'ဆာရာ' နေရမှာ မဟုတ်တော့ဘူး လို့ တွက်ထားပြီးမှ သေတွင်းထဲက ထွက်လာနိုင်ကာ ဘဝကို အသစ်တဖန် ပြန်လည်စတင်ဖို့ ကြိုးစားခဲ့သည်။ သို့သော်…

ကုံကော်ဝတ်ရည် ရေ… အရာရာသော အကြောင်းကြောင်းများကြောင့် ခါတိုင်းလို အမှာစာ မရေးနိုင်တော့လို့ သူတို့ဆီမှာ 'မိုးတိမ်လွှာ' ကို ဘယ်လို ခံစားကြသလဲဆိုတာလေးနဲ့ပဲ…။

အားလုံးကို လေးစားခင်မင်စွာ
တင်မောင်မြင့်
၇-၇-၂၀၂၁

❐

mgyoe.com

mgyoe.com SAMPLE BOOK

ငှက်မွေးကဲ့သို့ နူးညံ့ပေါ့ပါးသည့် ဂွမ်းကပ်များ၊ တိမ်လွှာလို ပေါ့ပါးသည့် ခေါင်းအုံးများ ရောင်းသည့် ဆိုင်ကလေး၏ နာမည်က 'မိုးတိမ်လွှာ'။

'မိုးတိမ်လွှာ' အိပ်ရာပစ္စည်းများက အိပ်မက်လှလှ မက်စေပါသည် တဲ့။

ဆိုင်ပိုင်ရှင် ဆာရာတဲလ်ဘော့ ကိုယ်တိုင် အိပ်မက်လှလှကလေးတွေ တောင့်တခဲ့သည်။ မက်ပါစေဟု ပန်ခြွေခဲ့သည့် ဆုတောင်း ပြည့်ရှာပါသည်။ အမေနှင့် သားကလေးကို ပြန်တွေ့ရသည်။ ပဝတ္တိ နယူးယောက် မှ ဟိုးအဝေး ဇာတိချက်ကြွေ ကျွန်းကလေးသို့ ပြန်ရောက်ခဲ့သည်။ အချစ် ဇာတ်လမ်း တပုဒ် စဖြစ်ခဲ့သည်။ အချစ်နှင့် တွေ့ခဲ့သည်။ သို့သော်...

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

နယူးယောက်အနီးမှ ကရှမ်းဝဲလ်သို့ ဆာရာတဲလ်ဘော့တယောက် သည်နှစ်ဆောင်းတွင် ရောက်နေသည်။ သူ့အိမ်ဖြူကလေး၏ ဝရန်တာတွင် ထိုင်ကာ သစ်ကြံပိုးနံ့သင်းသင်းနှင့် လက်ဖက်ရည်ကို ဖိမ်ဆွဲသောက်ရင်း ဘာဆက်လုပ်ရ ပါ့မလဲဟု လျှောက် စဉ်းစားနေသည်။ ဟိုဘက်အိမ်မှ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား ကလေးတသိုက် ကားရေဆေးနေကြသည်။ တခါတလေ ရေမှုန်တွေ သူ့မျက်နှာဆီသို့ လေနှင့်အတူ ဝေ့လာလျှင် ခြံစောင် အနီကြီးဖြင့်ကာ၍ ဦးခေါင်းကို နေရောင်ဘက်သို့ လှည့်လိုက်ပြီး စိတ်ထဲတွင် ပင်လယ်ရေငန်တွေဟု ထင်လိုက်သည်။ အဲ့လ်ကျွန်းမှ ပင်လယ် ရေငန်တွေကို ပြေးမြင်လိုက်ခြင်းကြောင့် ဖြစ်သည်။

ဆီဒင်ကားပြာတစီး လမ်းထဲ ဝင်လာသည်။ ကရှမ်းဝဲလ် နံပါတ်နှင့် ဖြစ်သည်။ ဆာရာတို့ အိမ်အဝင်လမ်းထဲသို့ ချိုးဝင်လာပြီး အိမ်ရှေ့တွင် ရပ်လိုက်ကာ ဝတ်ရုံဖြူနှင့် ပိန်ပိန်သွယ်သွယ် အမျိုးသမီးတယောက် ဆင်းလာသည်။

ဆာရာက ပြုံးပြီး ဆီးမေးလိုက်သည်။

"အလို... ဘာလာလုပ်တာတုံး"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်... အဲဒါ ညှော်သည်ကို ကြိုက်တာတဲ့လားကွယ်"

ခရီးသွား သူနာပြုဆရာမက ပြန်ပြောလိုက်သည်။ ဆာရာက တို့နံ့နံ့ ဆံပင်တွေကို လက်ဖြင့် သပ်တင်ရင်း အမှတ်မထင်လေသံဖြင့်-

"ကိုယ်က မင်း မလာတော့ဘူး ထင်နေတာ မာဂရက်"

"အမယ်လေး... မလာရင် သမီးက ကျွန်မကို သတ်မှာပေါ့ အစ်မရဲ့၊ ပြီးတော့ ကျွန်မက ခင်မင်တဲ့ မိတ်ဆွေတွေကို ဘယ်လို ပြုစုတယ် ဆိုတာ အစ်မ သိသားနဲ့"

ဆာရာက ပြုံးပြုံးလေး ဆက်ပြောသည်။

"ကိုယ်က မင်းရဲ့ လူနာပါ မာဂရက်"

"ဆာရာဟာ ဆာရာပါပဲ အစ်မရယ်၊ မာဂရက်တို့ အစ်မကို လာခေါ်တာ၊ ခရီးထွက်ရအောင်"

"ခရီးထွက်ရအောင်... ဟုတ်လား မာဂရက်၊ ဘယ်ကိုလဲဟင်"

ဆာရာက ကားဆီသို့ လှမ်းကြည့်လိုက်သည်။ သည်တော့မှ နောက်ခုံတွင် မီမီ ပါလာသည်ကို လှမ်းမြင်လိုက်၏။

မာဂရက်က သူ့ကို လှမ်းဖက်ပြီး နှုတ်ဆက်လိုက်သည်။

"မွေးနေ့မှာ မင်္ဂလာပါ အစ်မ"

ဆာရာက သူနာပြုဆရာမကို ပြန်ဖက်ပြီး နှုတ်ဆက်လိုက်တော့ သူ့ဝတ်ရုံ အင်္ကျီအဖြူအိတ်ထဲမှ သော့တွဲသံတွေ၊ နားကြပ်နှင့် ဘောလ်ပင် ထိခတ်သံတွေ ထွက်လာသည်။

"မင်း ဘယ်လိုလုပ် သိလဲ မာဂရက်"

လူချင်း ခွာလိုက်ပြီးတော့ ဆာရာက မေးလိုက်သည်။

သည်နေ့သည် ဆာရာ၏ ၃၇ နှစ်မြောက်မွေးနေ့ ဖြစ်သည်။ သူက တိတ်တိတ်ကလေး ငြိမ်နေသည်။ ဘာပွဲမျှ မလုပ်။ ဘယ်သူ့ဆီကမှ မွေးနေ့ကတ်ပြား ရောက်မလာ။ အိမ်ကလူတွေဆီကလည်း ထိုနည်းလည်းကောင်း။

ကားနောက်ခုံပေါ်မှ မီမီက 'မွေးနေ့မင်္ဂလာပါ' ဟူသည့် ငွေရောင်စာတန်းကလေးကို ထောင်ပြနေသည်။ မာဂရက်က သူ့ကို ပြုံးပြီး ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"လာ… သွားစို့ အစ်မရဲ့ ဓာတ်ခွဲခန်းအဖြေတွေနဲ့ ဆရာဝန် မှတ်ချက်တွေ မာဂရက် ဖတ်ခဲ့ပြီးပြီ"

ဤသို့ဖြင့် မာဂရက်က သူ့မွေးနေ့ကို ဘယ်လို သိတယ် ဆိုတာ ဆက်မပြောဖြစ်ကြတော့။

*

ဝီလ်ဘတ်ခ်က လေယာဉ်ကွင်းဒေါင်ထဲမှ ဟိုက်ပါလေယာဉ်ကလေး၏ အောက်တွင် ရပ်လျက် အပြင်သို့ ကြည့်နေသည်။ သည်နှစ် ဆောင်းကတော့ အင်း… ဧည့်သည်များဦးမယ် ထင်ပါရဲ့။ သူ့ တက်စီလေယာဉ် သုံးစီးစလုံးကို အဆင်သင့်ပျံနိုင်အောင် ပြင်ထားရမည်။ ဧည့်သည်ကျသည့် ရာသီ ရောက်ပြီလေ။ ရေကန်ကြီးတွေကို ဝေဟင်မှ ကြည့်ချင်သူတွေ၊ သစ်တောနှင့် ပန်းသီးဘီယာ စက်ရုံတွေကို ကောင်းကင်မှ ကြည့်ချင်သူတွေ ရောက်လာကြတော့မည်။ ဝီလ်၏ ဆယ့်ငါးမိနစ် 'ကောင်းကင်ရှုမျှော်ခင်းကြည့်' ခရီးစဉ်သည် အလွန် အောင်မြင်လျက်ရှိသည်။ အထူးသဖြင့် ကရွမ်းဝဲလ် ပွဲတော်ရာသီတွင် လူ ပိုစည်ကားသည်။ ပြီးတော့ အောက်တိုဘာ လကုန်တွင် နယူးယောက်သို့ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများအား သွားပို့ကြ ကြိုကြသည့် မိဘများကလည်း ခရီးတိုကလေးအတွက် သူ့လေယာဉ်ကို သုံးကြသည်။

လေယာဉ်ကွင်းဒေါင်ရှေ့တွင် ကားထိုးရပ်သံ ကြားတော့ လေယာဉ်အင်ဂျင်တလုံးကို ကလိနေရာမှ ကွင်းခွတခုကို နံဘေးမှ ပစ္စည်းသေတ္တာထဲ ပစ်ချလိုက်ပြီး လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ လေးနာရီ တိတိ။ မိတ်ဆွေတယောက်၏ သမီးကလေးက မွေးနေ့တခုအတွက် လေယာဉ်လျှောက်စီးဖို့ ကြိုစာရင်းပေးထားသည်။ ရေကန်တွေ၊ တောင်တန်းတွေနှင့် ရှုခင်းတွေ ကြည့်မည်တဲ့။ အလုပ်ခွင်တွင် ဝတ်သည့် ရှပ်အင်္ကျီ၊ ဂျင်းဘောင်းဘီနှင့်ပင် အပြင်ထွက်လာခဲ့သည်။ ရာသီဥတုက ကောင်းနေသဖြင့် ချက်ချင်း ထွက်ဖို့ စိတ်ကူးဖြင့် သူတို့ကားဆီ လျှောက်သွားပြီး အပြုံးဖြင့် ကြိုလိုက် သည်။

မာဂရက်နှင့် မီမီဖာဂူဆန်တို့ သားအမိ ကားထဲမှ ထွက်လာသည်။ သူ့သမီး ဆူစန့်သူငယ်ချင်း မီမီ။ မိမိ့ အသက်ကို သူ မှတ်မိသလောက် မှန်း

mgyoe.com


ကြည့်သည်။ ကိုးနှစ်သမီးလောက် ရှိပြီထင်သည်။ ကားထဲမှ သူ မမြင်ဖူးသည့် အမျိုးသမီးတယောက်ပါ ဆင်းလာသည်။ အဘွားကြီးအိုပေါက်စလေးနှင့် တူသည့် ပိန်ပိန်ကပ်ကပ် ပုံစံကလေး။ အသားအရေက အလင်းရောင် ထိုးဖောက်တော့မည့်နှယ် ပါးပါးလှပ်လှပ်။ ဆံပင်တိုတိုတွေက မက်မွန်သီး ရောင်လိုလို၊ ရွှေရောင်နှင့် ငွေရောင် ရောနေသလိုလို။ အမျိုးသမီးက ကောင်းကင်ကို မော့ကြည့်ပြီး အံ့သြနေပုံ၊ ပျော်နေပုံရသည်။ ကောင်းကင်ပြာပြာကို တခါမျှ မမြင်ဖူးသည့်နှယ်။

"ကဲ... လေယာဉ်ပေါ် တက်တော့မလား"

သူက စ မေးလိုက်သည်။

မိမိက ရင်တွေခုန်နေပုံဖြင့် ပြန်မေးသည်။

"ဘယ်လေယာဉ်လဲဟင် ဦးဦးဘတ်ခ်"

"ဒီကောင်လေ သမီး"

သူက 'ဟိုက်ပါကပ်' နှစ်ယောက်ထိုင် လေယာဉ်ကလေးကို လက်ညှိုးထိုးပြပြီး ပြန်ဖြေလိုက်သည်။ လေယာဉ်မှူးနှင့် တွဲပြီး အပို တယောက်သာ ထိုင်နိုင်သည့် လေယာဉ်ပေါက်စကလေး။

မိမိက စိတ်ပျက်သွားပုံဖြင့်-

"ဟာ... ဦးဦးကလည်း၊ သုံးယောက် ဘယ်ဆံ့ပါ့မလဲ"

သည်တော့မှ မာဂရက်က ဝင်ပြောသည်။

"နေစမ်းပါဦး မိမိရယ်..."

ဝီလ်က ဖြတ်ပြောလိုက်သည်။

"ဆောရီး မိမိ၊ အကြီးကောင်က ဆီလဲထားလို့ကွယ်၊ သမီးတို့ တယောက်တည်းသွားမယ် အောက်မေ့တာ၊ ကြိုသိရင်..."

ပိန်ပိန်အမျိုးသမီးက ဝင်ပြောသည်။

"ဒီလိုလုပ်လေ မိမိ၊ အန်တီတို့ နေခဲ့မယ်၊ သမီးပဲ လိုက်သွားပေါ့"

"ဟာ...အန်တီဆာရာကလည်း အန်တို့မွေးနေ့ဟာကို၊ ဒါကြောင့် အန်တို့ကို ပို့ဖို့ သမီး စိတ်ကူးရတာလေ"

"မွေးနေ့မှာ ပျော်ရွှင်ပါစေဗျာ"

ဝီလ်က အမျိုးသမီးကို နှုတ်ဆက်လိုက်သည်။

mgyoe.com

"ကျေးဇူးတင်ပါတယ်ရှင်"

စောစောကအတိုင်းပင် ပျော်သွားပုံရသည်။ ဘယ်တုန်းကမှ မပျော်ခဲ့ဖူးဘူးလား မသိ၊ သူ့ကို စိုက်ကြည့်နေသည်။ ဝိလ်ကလည်း ပါးစပ် အဟောင်းသားဖြင့် အမျိုးသမီးကို ပြန်ကြည့်နေမိ၏။ မြင်ဖူးသလိုလို ရှိသည်ဟု ထင်လိုက်၏။ သည်မြို့တွင်ပင် မြင်ဖူးခြင်း ဖြစ်မည်။ သို့သော် အပြောင်းလဲကြီး ပြောင်းလဲသွားသည် ထင်၏။

"ကဲ… ဒါဆို သွားကြရအောင်။ ဦးဦး ရုံးခန်းထဲမှာ ဆူစန် ရောက်နေတယ်။ သမီးတို့ အဲဒီမှာ သွားနေကြပါလား။ သမီးကိုတွေ့ရင် သူ အရမ်းပျော်သွားမှာ"

*

စီးကရက်၏ အဖေက သမီးကို လေယာဉ်ကွင်းသို့ ခေါ်လာခဲ့သည်။ သူ ရင်ကျပ် ပန်းနာရောဂါ ပြန်ထနေသည်။ ကျောင်းကျန်းမာရေးဌာနက သူ့အမေဆီ ဖုန်းဆက်တော့ အမေက ဖုန်းမကိုင်သဖြင့် စီးကရက်က ဆရာမကို လေယာဉ်ကွင်းမှ သူ့အဖေအား ခေါ်ရန်ပြောသည် တဲ့။ အဖေက ချက်ချင်း လာခေါ်မည် ဆိုသည်ကို သူ သိနေသည်လေ။ ထင်သည့်အတိုင်း အဖေ ရောက်လာပြီး ခေါ်သည်။ ခုတော့ အဖေ့စားပွဲတွင် ပျင်းရိပျင်းတွဲ ထိုင်ပြီး လက်သည်း ဆိုးနေသည်။

မိမိတို့ သားအမိနှင့် အမျိုးသမီးတယောက် လေယာဉ်ကွင်းထဲတွင် ရပ်ပြီး အဖေနှင့် စကားပြောနေသည်ကို ပြတင်းပေါက်ကျယ်ကြီးမှ စီးကရက် လှမ်းမြင်နေရသည်။ သူ့သူငယ်ချင်း အငယ်ကလေးများထဲတွင် မိမိက ချစ်ဖို့ အကောင်းဆုံး ဖြစ်သည်။ သူ့တွင် ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေ ရှိသည်။ မြို့ငယ်ကလေး၏ ကျောင်းပရဝဏ်ထက် ကျော်ပြီး စီးကရက်ကဲ့သို့ပင် ဟိုးအဝေးသို့ မျှော်ကြည့်တတ်သည်။

အမေက ကားထဲတွင်စောင့်ပြီး မိမိတယောက်တည်း ဝိလ်ဘတ်ခ်၏ ရုံးခန်းဆီ ထွက်လာသည်။

"ဟိုင်း… ဆူစန်"

mgyoe.com

mgyoe.com

မီမီက အခန်းထဲ ပြေးဝင်လာပြီး နှုတ်ဆက်သည်။

စီးကရက်က ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။

''ဘယ်က ဆူစန်လဲ၊ ဒီမှာ ဆူစန် မရှိဘူး''

သည်တော့မှ မီမီက ရယ်ပြီး-

''ဩော်… မေ့လို့ မေ့လို့၊ နင်က စီးကရက်လို့ နာမည်ပြောင်းထားတာနော်၊ ဒီမှာ ဘာလုပ်နေတာလဲ''

''အောက်တိုဘာလဟာ စုန်းမြူးတဲ့ လလေကွာ၊ ငါက စုန်းမလုပ်မယ်၊ ကြားလား၊ ဒါကြောင့် ပြစားဖို့ ခု လက်သည်းဆိုးနေတာ''

စီးကရက်က ခပ်တည်တည် လျှောက်ပြောနေရင်း မီမီ့ကို ပြစားပြမယ်ဆိုပြီး လက်တွေကို ကွေးချည်ဆန့်ချည် လုပ်ပြသည်။

''ဝေါ… အဲလိုကြီးလား''

မီမီက ပြန်ပြောတော့ စီးကရက်က သူ့ အရောင်ဖျော့ဖျော့ လက်သည်းတွေကို တရုတ်စာရေးသည့် စုတ်တံမျိုးဖြင့် ပင့်ကူအိမ်လိုလို၊ ဘာလိုလို အနက်ရောင်တွေ လျှောက်ဆွဲနေသည်။

စီးကရက်က ပြတင်းပေါက် အပြင်သို့ ပြန်ငေးပြီး မီမီ့ကို မေးလိုက်သည်။ မီမီက အန်တီဆာရာ့ မွေးနေ့အကြောင်း ပြောပြတော့-

''ဩော်… အဲဒီအမျိုးသမီးကို နင် ခေါ်လာတာကိုး၊ ဟုတ်လား မီမီ၊ သူ အံ့ဩမနေဘူးလား''

မီမီက ပြန်ပြောသည်။

''အရမ်း အံ့ဩနေတာပေါ့''

စီးကရက်က အမျိုးသမီးကို လှမ်းကြည့်နေရင်း ထူးခြားမှုများကို သတိထားမိလိုက်သည်။ ထူးထူးခြားခြား ပိန်ကပ်နေသည်။ ဆံပင်တွေက ခေါင်းပေါ်တွင် အကြည့်ရဆိုးလောက်အောင် ထိုးထိုးထောင်ထောင်။ သို့သော် သည်လောက်လှသည့် မျက်နှာမျိုး မတွေ့ဖူးသလောက်ပင်။ ပြီးတော့ မီမီ့ကို မေးလိုက်သည်။

''သူ တကယ် နေမကောင်းဖြစ်နေတာလား မီမီ''

''ဟုတ်တယ် စီးကရက်၊ မေမေ လိုက်ပြုစုနေရတဲ့ လူနာတွေအများကြီးထဲမှာ သူလည်း ပါတယ်၊ မေမေက ပြောဖူးတယ်၊ ဆာရာ နေရမှာ

mgyoe.com

mgyoe.com
SAMPLE BOOK


မဟုတ်တော့ဘူး တဲ့၊ ခုတော့ သက်သာနေပြန်ပြီ တဲ့၊ ဝမ်းသာစရာ ပေါ့။ ဒါပေမဲ့ ငါ သိပ်မသိပါဘူးဟယ်''

''အေး… နင်က ငယ်သေးတာကိုး၊ ဘယ်သိပါ့မလဲ မိမိ''

စီးကရက် စာနာစိတ်အပြည့်ဖြင့် ပြန်ပြောလိုက်သည်။ မိမိက စီးကရက်ထက် အသက်ကြီးသည်။ သို့သော် စီးကရက်က သူ့မောင်လေး ဆုံးသွားပြီးနောက် ရင်ကျပ်ရာမှ ချောင်းဆိုးကာ ပန်းနာရောဂါ ဝင်လာ၍ ပို၍ ကြီးသလို ဖြစ်နေသည်။ အဖေ့အံဆွဲ အပေါ်ဆင့်မှ ရှူဆေးဘူးယူပြီး ရှူလိုက်သည်။ အဖေ့အံဆွဲထဲတွင် သူ အမြဲထည့်ထားသည့် ရှူဆေးဘူး။

''နင် နေကောင်းပါတယ်နော် စီးကရက်''

သူ့ ရောဂါအကြောင်း သိနေသည့် မိမိက စိတ်ပူစွာ မေးလိုက်မိသည်။ သူကလည်း အမေ့လူနာတယောက်မို့ သူတို့နှစ်ယောက် တွေ့ကြခြင်း ဖြစ်သည်။ သူ အသည်းအသန် ဖြစ်လာလျှင် အမေက ပြေးလာရသည်။

''အေး… ကောင်းပါတယ် မိမိ''

''အင်း… တော်သေးတာပေါ့၊ ရှူဘူး အဆင်သင့်ရှိနေလို့''

''ဒီနေ့ ကျောင်းကို ယူမသွားမိဘူး မိမိ၊ ဒါကြောင့် ခုလို စောစော ပြန်ခဲ့ရတာ''

လိမ်ပြောလိုက်ရသည့်အတွက် စီးကရက်စိတ်ထဲ မသိုးမသန့် ဖြစ်သွားသည်။ မိမိ့ကိုရော၊ ကျောင်းသူနာပြုကိုပါ လိမ်ပြောခဲ့မိခြင်း ဖြစ်၏။ စင်စစ် သူ့တွင် ရှူဆေးဘူး ပါလာသည်။ ကျောင်းတွင် ငြီးငွေ့နေချိန်၌ ရင်ကျပ်လာသဖြင့် အခွင့်အရေး ယူလိုက်ခြင်း ဖြစ်သည်။ အဖေ့ကို အကြောင်းကြားခိုင်းလိုက်ခြင်း ဖြစ်သည်။

စင်စစ် သူ့တကိုယ်လုံး ခြေဆုံးခေါင်းဆုံး ပျင်းရိကာ အထီးကျန် ဝေဒနာကို ခံစားနေရခြင်း ဖြစ်သည်။ သွားလေသူ မောင်လေးကို အောက်မေ့လာသည်။ အမေနှင့် အတူနေရသဖြင့် အဖေ့ကို လွမ်းသည်။ အဖေ့ဆီ ရောက်ပြန်တော့ အမေ့ကို လွမ်းလာပြန်သည်။ ရံခါတွင် အနီးအနားမှ လူတွေကို လွမ်းချင် လွမ်းနေသည်။ ကုန်တိုက်ထဲတွင် ကျောင်းမှ သူငယ်ချင်းတွေနှင့် လျှောက်သွားနေရင်း အပေါင်းအသင်းတွေကို လွမ်းနေတတ်သည်။ တခါတလေ ဘေးနားမှ သူငယ်ချင်းကိုလည်း လွမ်းချင် လွမ်းနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ခုလည်း လေယာဉ်ကွင်းထဲမှ အဖေ့ရုံးခန်းထဲတွင် ထိုင်ပြီး အပြင်သို့ လှမ်းကြည့်ရင်း ကျန်းမာရေးချို့တဲ့နေသည့် အမျိုးသမီးကို လွမ်းနေသည်။ သူ့ကို ဘယ်တုန်းကမှ မရင်းနှီးခဲ့ဖူးပါလျက် လွမ်းနေခြင်း ဖြစ်သည်။ တမ်းတမ်းတတ လွမ်းဆွတ်ခြင်းမျိုး။

*

လေယာဉ်ပေါက်စကလေးသည် အနောက်စူးစူးသို့ ဦးတည် ပျံသန်း၍လာခဲ့သည်။ လေယာဉ်မှူးက ခရီးသည်အား ဝက်စတန်တံတားကြီးနှင့် ဧရိယာအကျယ်အဝန်း ဧက ၁၃ဝဝဝ ရှိသည့် ချာတာကွာ ကန်တော်ကြီးကို ဝေဟင်မှလိုက်ပြသည်။ ကန်ရေပြင်မှာ နက်ပြာရင့်ရောင် ပေါက်နေသည်။ ကျောက်တောင်တန်းတွေက အနီရောင် တလက်လက်ထလျက်။ သစ်ရွက်တွေက နေရောင်ခြည်တွင် ပြိုးပြိုးပြက်ပြက်။

"အရင်တုန်းက ဒီလို လေယာဉ်ငယ်ကလေးတွေ စီးဖူးသလား" ဟု လေယာဉ်မှူးက ခရီးသည် အမျိုးသမီးအား မေးလိုက်သည်။

"ဟုတ်ကဲ့"

ဆာရာက ပြန်ဖြေလိုက်သည်။

"ဘာလို့လဲ မသိဘူး၊ ကျွန်တော့်စိတ်ထဲမှာ ဒါပထမအကြိမ်လို့ ထင်နေတယ်၊ မီမီတို့ သားအမိက ခင်ဗျားအတွက် ဒီခရီး စီစဉ်ပေးရတာကို သိပ်ဂုဏ်ယူနေကြတယ်"

ဆာရာက ပြန်ပြောလိုက်သည်။

"ကျွန်မ လေယာဉ်စီးရတာ ဝါသနာပါတဲ့အကြောင်း မာဂရက်ကို ပြောလိုက်မိတယ် ထင်တယ်။ ဒါပေမဲ့ မစီးဖြစ်တာ ကြာပါပြီ၊ ဟိုတုန်းကတော့ အပတ်တိုင်းလိုလို ဒါထက် နည်းနည်းပဲပိုကြီးတဲ့ လေယာဉ်ကလေးနဲ့ 'ဘော့စတွန်' ကနေ 'မိန်း' ကအိမ်ကို လေယာဉ်နဲ့ ပြန်တယ်လေ"

"ဟုတ်လား၊ ကျွန်တော်လည်း နယူးအင်္ဂလန်ကပဲဗျ။ အောက်မှာ ကြည့်ပါဦးဗျာ၊ ရေကန်ကြီးက…"

mgyoe.com

mgyoe.com
SAMPLE BOOK


သူက ခေါင်းတညိတ်ညိတ်ဖြင့် ပြောနေစဉ် ဆာရာက ဖြတ်ပြောလိုက်သည်။

"အတ္တလန္တိတ် ကျနေတာပဲနော်"

သည်တော့ သူက ရယ်သည်။

သူ့သွေးကြောတွေထဲတွင် ပင်လယ်ဆားငန်ရေတွေ ဝင်နေသည့် ပင်လယ်ဘက်က လူမျိုး ထင်ပါရဲ့။ ဆာရာကဲ့သို့ပင် အကြောင်းကြောင်းကြောင့် နယူးယောက်ပြည်နယ်ထဲ ရောက်နေပုံရသည်။

သူက နာမည်ပြောပြီး မိတ်ဆက်သည်။

"ကျွန်တော့်နာမည် ဝီလ်ဘတ်ခ်ပါ"

"ကျွန်မက ဆာရာတဲလ်ဘော့"

"ဟိုင်း… ဆာရာ"

ဆာရာက ပြန်မေးလိုက်သည်။

"လေယာဉ်ကွင်းမှာ ပြတင်းပေါက်က လှမ်းမြင်လိုက်တဲ့ ကလေးက ဘယ်သူပါလိမ့်၊ အပြင်ကို လှမ်းကြည့်နေတဲ့ မိန်းကလေး လေ"

ဝီလ် ပြန်ဖြေသည်။

"ကျွန်တော့်သမီး ဆူစန်ပါ"

"အပျိုပေါက်ကလေး ဖြစ်နေပြီပေါ့နော်"

သူက ဆက်ပြောသည်။

"ဒါပေမဲ့ သုံးဆယ်လောက် ထင်ရတယ်"

"အင်း… အဲဒီရောဂါ လက္ခဏာကို ဆာရာ သိတယ်"

ဆာရာက ပြည်နယ်ငါးခုကို ဖြတ်ပျံခဲ့ပြီး မိန်းကမ်းခြေက ကျွန်းသေးသေးကလေးကို ငုံ့ကြည့်နေသည်။

ပြီးတော့ သူတို့ လေယာဉ်ငယ်ကလေး မြောက်ဘက်သို့ လှည့်လိုက်သည်။ ဟိုးအဝေး အောက်ဘက်တွင် ရှုမဆုံးတော့သည့် ထင်းရှူးတောတွေ။ သစ်ပင်ထိပ်ဖျားတို့တွင် ဝင်လုလု နေရောင်ခြည် ပျံ့နေသည်။

ဆာရာ မျက်ရည်တွေလည်လာသည်။

"နောက်နှစ် မွေးနေ့ဆိုရင် ကျွန်မ ရှိတော့မှာ မဟုတ်ဘူး"

ဝီလ်က သူ့ကို ငဲ့ကြည့်ပြီး-

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ… မပာတ်တာဗျာ"

မောင်းတံတွေကို တခုပြီးတခု လှမ်းဆွဲတော့ လေယာဉ်ကလေး အပေါ်ထောင်တက်သွားသည်။ မြေကြီးနှင့် သူတို့ ဝေးသည်ထက် ဝေးလာခဲ့ပြီ။ ကောင်းကင်ထဲသို့ ထိုးတက်သွားခြင်း ဖြစ်သည်။ ဆာရာတယောက် စွန့်စားခန်း တခုလို ရင်တလှပ်လှပ်နှင့် ပျော်နေသည်။ ခဏနေတော့ တပတ်ကျွမ်း ပစ်လိုက်သေးသည်။ တခါတွင် သူ့လက်ကို ဆာရာ လှမ်းဆုပ်လိုက်တော့မလို ဖြစ်သွားသေးသည်။ သို့သော် တဒင်္ဂ စိတ်လှုပ်ရှားမှုမျိုး ဖြစ်သည်။ လေယာဉ်ကလေး ပြန်ငြိမ်သွားသည်။ သို့သော် မဆင်းသေးဘဲ မြောက်ဘက်သို့ အချိန်ပိုခဏ ဆက်ပျံကြသေးသည်။

*

"သူ လေယာဉ်စီးရတာ ပျော်ရဲ့လား ဖေဖေ"

မီးဖိုခန်း စားပွဲတွင် ညနေပိုင်းထုတ် သတင်းစာ ထိုင်ဖတ်နေသည့် ဝီလ်က သမီးမေးခွန်းကို သဲသဲကွဲကွဲ မကြားလိုက်။

"ဖေဖေ ကောင်းကောင်း မကြားလိုက်ဘူး၊ ဘာမေးလိုက်တာလဲ ဆူစန်"

မနက် ငါးနာရီကတည်းက နိုးနေသည့် ဝီလ်က သမီးကို ပြန်မေးလိုက်သည်။

ဆူစန်က မျက်ခုံးရှုံ့ပြီး–

"ဘာ… ဆူစန်၊ ဟုတ်လား"

ဝီလ်က သမီးနာမည်ကို ကြိုးစားပြီးဖော်ရင်း ပြန်မေးလိုက်သည်။

"သြော်… စက်တင်ဘာလို့ ပြောတာပါ သမီးရယ်"

"ဟာ… ဖေဖေကလည်း၊ စက်တင်ဘာလည်း မဟုတ်တော့ဘူးလေ၊ ပြောင်းလိုက်တာ ကြာပြီပဲ၊ ကိုယ့်သမီး နာမည်တောင် မမှတ်မိဘူး တဲ့။ အံ့သြပါ့၊ စီးကရက်လေ ဖေဖေရဲ့"

"သြော်… အင်း… ဟုတ်ပြီ"

mgyoe.com

mgyoe.com SAMPLE BOOK


သတင်းစာကို ခေါက်ရင်း ပြန်ပြောလိုက်သည်။

"ဖေဖေ မေ့သွားလို့ပါကွာ၊ ဆောရီးနော် စီးကရက်၊ နောက် တခု သမီးမေးတာ ဘာ"

"ဩော်... ဖေဖေ ဒီနေ့မနက် မောင်းပို့တဲ့ အမျိုးသမီး သဘောကျ ရဲ့လားလို့"

"အင်း... ဆာရာလား၊ သဘောကျပုံ ရပါတယ်"

ပြန်ပြောရင်း အရောင်တဖျတ်ဖျတ်နှင့် သူ့မျက်လုံးတွေကို မြင် ယောင်လာသည်။

"ဖေဖေတို့ သုံးဆယ့်ငါးမိနစ်တောင် ကြာတယ်နော်"

ဝိလ်က မပြုံးမိအောင် ကြိုးစားပြီး-

"ဖေဖေ့နာရီ ရပ်သွားသလား မသိဘူး" ဟု ထိန်းပြီး ပြန်ပြော လိုက်သည်။

စီးကရက်က ချက်ဆို နားခွက်က မီးတောက်သူ။ သူ့ကို အဖေ ဘာမှ ထိမ်ချန်၍ မရ။ သူ့အမေနှင့် ဂျူလီယံတို့ နှစ်ယောက်လို လုပ်မသွားဘူး ဟု ဘယ်သူ ပြောနိုင်မလဲ။ ရေခဲတောင်ကို စကိတ်စီးခရီး တပတ် ထွက်သွား သည်။ ပြန်လာတော့ လက်ထပ်လိုက်ကြသည် တဲ့။

"ဖေဖေ့နာရီ ဘယ်တုန်းကမှ မရပ်ဖူးပါဘူး၊ ဖေဖေက မစ္စတာ 'စံတော်ချိန်' ပဲဟာကို၊ သမီးကိုလည်း အဲဒီအတိုင်း ပုံသွင်းထားခဲ့တယ် လေ"

ပြောပြီး စီးကရက် နံရံမှ နာရီကို လှမ်းကြည့်လိုက်သည်။ နာရီ လက်တံနှစ်ခုက ခြောက်နာရီခွဲတွင် ပြနေသည်။

"အဲဒီလိုပေါ့၊ ဆယ့်ရှစ်သုံးဆယ် နာရီ၊ ရေတပ်ထဲမှာ သမီးတို့ အကြာကြီး နေခဲ့ရတော့ ရေတပ်စကားနဲ့ ပြောတာလေ၊ ဟုတ်တယ်နော်"

"အေးပါကွာ၊ ဖေဖေ နာရီ အကြည့်မှားသွားတာပါ ထားလိုက် ပါ"

"ဖေဖေနာရီကြည့် ဘယ်တော့မှ မမှားဘူး၊ အဲဒါ သမီး သေသေ ချာချာ သိတယ်၊ သမီး ထင်တာက..."

ပြောရင်း ရပ်သွားပြီး ညစာစားဖို့ ဟင်းရွက်စုံသုပ်ပွဲကြီး သွားယူ လာသည်။ ခရမ်းချဉ်သီး၊ ဆလတ်ရွက်၊ သခွားသီးနှင့် စပျစ်ဖြူသီးတွေကို

mgyoe.com

mgyoe.com


မုန့်ကြွပ်မုန့်နှင့် သုပ်ထားသည့် ရွက်စုံသုပ်ပွဲကြီး ဖြစ်သည်။ သစ်သား အလယ်တည် ပန်းကန်ကြီးထဲတွင် ထည့်သုပ်ထားခြင်း ဖြစ်၏။ ရှေ့တွင် သူ့လက်ရာကို မရွံ့မရဲ ချပေးရင်း ဇောမ မျက်လုံးပြာကြီးတွေနှင့် အဖေကို ကြည့်နေသည်။

ဝီလ်က တအံ့တဩ ရှိုးမွှမ်းလိုက်၏။

"ဟာ... သွားရည်ကျချင်စရာကြီးပါလား ဟေ့"

"ကျေးဇူးပါ ဖေဖေ၊ လူတော်တော်များများက စပျစ်သီး ထည့်သုပ်ရမှန်း မသိကြဘူး"

"အေး... ဟုတ်တယ်ကွ"

ပြောရင်း သူ့ကို အိမ်ပြန်ပို့ရမည့် လမ်းတွင် မက်ဒေါ်နယ်ဆိုင်မှ ချိစ်ဘာဂါ ဝယ်ထည့်ပေးလိုက်ဖို့ စိတ်ကူးရသွားသည်။

"ဖေဖေ့ကို နောက်တခု ပြောထားရဦးမယ်၊ သူနဲ့ သိပ်အရောမဝင်နဲ့နော်"

"ဘယ်သူနဲ့လဲ သမီး"

စိတ်ထဲက သိနေလျက် ပြန်မေးလိုက်သည်။

"အဲဒီ ဆာရာဆိုတဲ့ အမျိုးသမီးနဲ့ပေါ့"

"ဟာ... သမီးကလည်းကွာ၊ ဖေဖေက သူ့မွေးနေ့အတွက် ငှားလို့ လိုက်မောင်းပို့တာလေ၊ ဘာဆန်းလို့လဲ"

"သူက လူမမာနော် ဖေဖေ၊ ကရွမ်းဝဲလ်မှာ သူတယောက်တည်း နေတာ၊ မီမီတို့ သားအမိက သူပျော်အောင် သူ့မွေးနေ့အတွက် လုပ်ပေးတာ"

"သူ့ နောက်ဆုံးမွေးနေ့ မဟုတ်ပါဘူးနော် သမီး"

ဝီလ်က သမီးကို မေးလိုက်သည်။

"သမီးသာ နောက်ဆုံးမွေးနေ့ကို သိရင် ရှဒ်အိုင်လင်ကို ပြန်သွားပြီး ဟိုတုန်းကလို ပျော်ပျော်ပါးပါး နေလိုက်ချင်တယ်"

"အဲဒါအတွက် သမီး နှစ်တွေအများကြီး စောင့်ရဦးမှာပါကွယ်"

ဝီလ်က ပြန်ပြောလိုက်သည်။

"ဖရက်အတွက်ကတော့ သူ့ နောက်ဆုံးမွေးနေ့ ကျော်သွားပြီ နော်၊

mgyoe.com

mgyoe.com
SAMPLE BOOK


သူ သိမသွားရှာဘူး၊ အဖြစ်ဆိုးလိုက်တာနော် ဖေဖေ၊ မနက်အိပ်ရာ ထမှာ နိုးလာတုန်းက ပျော်ပျော်ရွှင်ရွှင်၊ ဆယ့်လေးသုညသုည နာရီမှာ ရေနစ် သေရတယ်လို့ပဲ''

စီးကရက် ဖအေကို တည့်တည့် စိုက်ကြည့်ပြီး ပြောနေခြင်း ဖြစ်သည်။ အပြစ်ဆိုချင်ဟန် လုံးဝမပါ။

''ဖေဖေတော့ ဘာမှ မပြောတတ်အောင်ပါပဲ သမီးရယ်''

ဝိလ်က အရိုးသားဆုံး ပြောလိုက်ခြင်းဖြစ်သည်။

''မေမေကတော့ မေ့မေ့ပျောက်ပျောက် ဖြစ်နေရောပေါ့''

သူ့လေသံတွင် နာကြည်းခါးသီးမှုတွေ ပါနေသည်။

''ဘယ်လို ပြောလိုက်တာလဲ သမီးရယ်၊ သူ ဘယ်လိုလုပ်ပြီး မေ့နိုင်မှာလဲ၊ သူ့ရင်သွေးပဲ''

''သမီးက ဖရက်အကြောင်း ပြောဖို့ ပါးစပ်ပြင်လိုက်တိုင်း 'နင့် ပါးစပ် ပိတ်ထား' လို့ ပြောခံထိတာချည်းပဲ၊ ဂျူလီယံတောင် ဒီကိစ္စကြောင့် သူ့ကို စိတ်ပျက်တယ် ဖေဖေ၊ ဒီဘဲကြီးက ချမ်းသာတဲ့လူ ဆိုတော့ တချိန်လုံး ပြိုင်ကား လျှောက်မောင်းနေပြီး အပျော်အပါးကိစ္စပဲ လျှောက်လုပ်နေတာ၊ ဒီနေ့လည်း သွားကြလေရဲ့''

''ဒီဘဲကြီးလို့ မပြောသင့်ပါဘူး သမီးရယ်၊ သူတို့ ဒီနေ့ ပြဇာတ်သွားကြည့်ကြမယ် ထင်ပါရဲ့''

''ဒါဆို ငတုံးကြီး၊ ငထုံကြီးလို့ပဲ ပြောရမှာပဲ''

''သမီး ဆူစန်၊ တော်ပြီလေ''

ဝိလ်က စိတ်ပျက်လက်ပျက်နှင့် သမီးကို ဟန့်လိုက်သည်။

''ဆောရီး ဖေဖေ''

ပြောပြီး အရွက်စုံသုပ်ကို အချဉ်ရည် ဖျန်းနေသည်။ ဝိလ်က သမီး အာရုံပြောင်းဖို့ စိတ်ကူးဖြင့် ဟင်းရွက်သုပ်ကို တလုတ်မြည်းပြီး ပြောလိုက်သည်။

''အေးကွ၊ စပျစ်သီး ထည့်သုပ်တာ တကယ်ကောင်းတာပဲ''

''ကျေးဇူး ဖေဖေ၊ သူ့ကြည့်ရတာ ချစ်စရာလေးနော်''

''ဘယ်သူ့ကို ပြောတာလဲ သမီး''

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဆာရာ ဆိုတဲ့ အမျိုးသမီးကို ပြောတာပါ"

"အင်း… ဟုတ်တယ်"

ဝီလ်က ပြန်ပြောလိုက်သည်။

"သူ နေကောင်းသွားမှာပါ။ သေမယ့်လူက သိသာပါတယ်" ဟု ဆူစန်က မှတ်ချက်ချသည်။

*

ဆာရာက သူ့ဆိုင်ကို တနေ့တွင် နာရီအနည်းငယ်သာ ဖွင့်တော့သည်။ မနက်ဆယ်နာရီမှ နေ့လယ် နှစ်နာရီအထိ လျှော့ချလိုက်သည်။ ပြတင်းပေါက်အရှည်ကြီးများမှ ထိုးဆင်းလာသည့် နံနက်ခင်း နေရောင်ခြည်ကို သူ ချစ်သည်။ အဝါရောင်ဖျော့ဖျော့ နံရံများတွင် နေခြည် ဖြာဆင်းနေပုံကို သဘောကျသည်။ သည်နေ့တော့ နေရတာ ပင်ပန်းသလိုလို။ သူ ရောင်းနေသည့် ပစ္စည်းတွေပေါ်တွင် ခွေအိပ်လိုက်ချင်သည်။ သူ ရောင်းသည့် ပစ္စည်းများက မွေ့ရာတွေ၊ ခေါင်းအုံးတွေ၊ ဂွမ်းကပ်တွေ၊ ခင်းဖုံးလွှာတွေ။ အချို့ ပစ္စည်းတွေက ဂွမ်းမဟုတ်တဲ့ ငှက်မွေးဌာနတွေ။ အားလုံး နယူးယောက် ပြည်နယ်၊ မိန်းမြို့နယ်ထွက် ပစ္စည်းတွေချည်း ဖြစ်၏။ အဖေ့ ယာတောထွက် ပစ္စည်းတွေ။

ဆိုင်တံခါးအပေါ်မှ ခေါင်းလောင်းကလေး မြည်လာသည်။ ပစ္စည်းစာရင်းကို ကြည့်နေရာမှ ဆာရာ ခေါင်းထောင်ကြည့်လိုက်တော့ ကောလိပ်ကျောင်းသူကလေးနှစ်ယောက် ဝင်လာတာ လှမ်းမြင်သဖြင့် ပြုံး၍နှုတ်ဆက်လိုက်သည်။ သူတို့နှစ်ယောက်က သူ့ကို ခဏစိုက်ကြည့် နေကြသည်။ ခေါင်းစုတ်ဖွားနှင့် ပုံပျက်ပန်းပျက် ဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်၏။ လှမ်းနှုတ်ဆက်လိုက်သည်။

"ဟိုင်း… ဘာများ အကူအညီပေးရမလဲကွယ်၊ လိုတာ ပြောပါနော်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီ"

အရပ်ရှည်ရှည် တယောက်က ပြန်ပြောသည်။ သူ့အဖော်ကနမူနာပြထားသည့် ဂွမ်းကပ်ပေါ်တွင် လှဲချလိုက်သည်။ ငှက်မွေးနုနုကလေးများနှင့် ချုပ်ထားသည့် ဂွမ်းကပ်ဖြစ်၍ အိစက်ညက်ညောလှသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"ငါတော့ ဒီခင်းဖုံပဲ ကြိုက်တယ်ဟ့"

ဒုတိယမိန်းကလေးက သက်ပြင်းချပြီး ပြောသည်။

ဆာရာက ပြန်မေးလိုက်သည်။

"တကယ် သဘောကျသွားပြီလား"

အရပ်ရှည်ရှည် မိန်းကလေးက ဝင်ရှင်းပြသည်။

"ကျောင်းကမွေ့ယာဆိုင်က စျေးကြီးလွန်းလို့ အန်တီရယ်၊ သမီးတို့ အပြင်ထွက်ပြီး စိတ်ကူးယဉ်ကြည့်ကြတာပါ"

"အချိန်မရွေး လာပါကွယ်။ လူတိုင်း စိတ်ကူးယဉ်ခွင့် ရှိပါတယ်"

ဝမ်းကပ် လိုချင်နေသည့် မိန်းကလေးက ဝင်ပြောသည်။

"သမီးမှာ ခရက်ဒစ်ကတ် ပါမလာဘူး အန်တီ၊ ဒါပေမဲ့ အိမ်ကို လှမ်းဖုန်းဆက်ရင် သူတို့ ဘဏ်စာရင်း လှမ်းပေးမှာပါ၊ သမီး ကြိုက်တာတွေ အားလုံး ကျောင်းကို သယ်ပြန်သွားလို့ရမလားဟင်"

ဆာရာက ပြန်ပြောလိုက်သည်။

"စီစဉ်ပေးလို့ ရပါတယ်၊ အန်တီကိုယ်တိုင် ခရစ္စမတ်လှည်းယဉ်နဲ့ လာပို့ချင်တာ"

မိန်းကလေးနှစ်ယောက် ရယ်လိုက်ပြီး သက်ပြင်းချလိုက်ပြန်သည်။

သူ့ တက္ကသိုလ်ကျောင်းသူ ဘဝကို ဆာရာ ပြန်သတိရသွားသည်။ အိပ်ရာခင်း ပါးပါးကလေးတွေ၊ ခြုံစောင် ခပ်ညှံ့ညှံ့တွေနှင့်။ သည်အလုပ်ကို စခဲ့ရပြီး ဆိုင်နာမည်ကို 'မိုးတိမ်လွှာ' ဟု ကင်ပွန်းတပ်ခဲ့သည်။ စဲလက်စလီ ကောလိပ်မှာ တနှစ်တက်ပြီး ကျောင်းထွက်ခဲ့ရသည်။ ပထမဆုံး ဘော့စတွန်တွင် ဆိုင်ကလေး စဖွင့်သည်။ အဖေ့ခြံထွက် ပစ္စည်းများဖြင့် စခဲ့ခြင်း ဖြစ်၏။

အဖေ့ ခြံလုပ်ငန်းက တဖြည်းဖြည်းနှင့် ကျဆုံးလုနီးနီး ဖြစ်လာသည်။ အမေဆုံးတော့ ဆာရာ ဆယ့်လေးနှစ်သမီး။ ဆာရာနှင့် အဖေက သည်အကြောင်း ဘယ်တော့မှ စကားမစတော့။ သို့သော် ဆာရာက အဖေ့ကို သူ ကယ်လိုက်ရခြင်းဖြစ်ကြောင်း သိနေသည်။ ကိုယ့်ပိုက်ဆံကလေး ဖြင့် ကိုယ့်ဘာသာ သည်အလုပ်ကလေးကို စခဲ့ခြင်းဖြစ်သည်။ ပြီးမှ တဖြည်းဖြည်း တိုးချဲ့၍ ပြင်သစ်နှင့် အီတလီတို့မှ အဝယ်အော်ဒါတွေ ရအောင်လုပ်သည်။ မူလဆိုင်ကို ဘော်စတွန်တွင် ရယ်စရာကောင်းသည့် အချစ်ဇာတ်

mgyoe.com

mgyoe.com

SAMPLE BOOK


လမ်းကလေးများနှင့်အတူ ထားခဲ့ပြီး တက္ကသိုလ်ကျောင်းတွေ ပေါသည့် နယူးယောက်တွင် သူ ဆိုင်လာဖွင့်ခဲ့သည်မှာ ဆယ်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။

တယ်လီဖုန်း မြည်လာသဖြင့် ကောက်ကိုင်လိုက်သည်။

"ဟဲလို၊ မိုးတိမ်လွှာ ကပါ"

"မွေးနေ့မှာ မင်္ဂလာအပေါင်း ခညောင်းပါစေ မေမေ"

လေးနက်သည့် သားတော်မောင်၏ အသံ။

"ကျေးဇူးတင်ပါတယ် သားရယ်"

ဆာရာ အသက်ရှူရပ်တော့မလို ဖြစ်သွားသည်။ အသက်ရှူလိုက်လျှင် လိုင်းပြတ်သွားမည်ဟု စိတ်ထဲ ထင်နေသည်။

"တရက် နောက်ကျသွားတာ ဆောရီးပါ မေမေ"

"ရပါတယ်၊ မေမေက မေ့တောင်နေတာ" ဟု လိမ်ပြောလိုက်သည်။

"ဘာအစီအစဉ် ရှိလဲ၊ အပြင်ထွက်ပြီး ညစာ စားမလား။ ဒါမှမဟုတ် တခုခုပေါ့"

"လေယာဉ်ပျံ လျှောက်စီးလိုက်တယ်၊ သစ်တောနဲ့ အဝါရောင်၊ လိမ္မော်ရောင် လွှမ်းနေတဲ့ အရွက်တွေကို ကြည့်ချင်လို့၊ ဆောင်းဦးမှာ လေယာဉ်ပေါ်က ရှုခင်းကြည့်ရတာ သိပ်အရသာရှိတာပဲ သိလား၊ သစ်တောကို ကောင်းကင်ပေါ်က ကြည့်ရတာ သီးစုံပန်းကန်ကြီးအတိုင်းပဲ သားရယ်၊ သားကြိုက်တဲ့ ဟင်းပွဲလေ"

"ဟုတ်လား၊ သိပ်မမှတ်မိဘူး"

"နေကောင်းလား"

မျက်စိမှေးပြီး မီးလင်းဖိုနားတွင် ရပ်နေသည့် သူ့ပုံကိုဖော်ကြည့်လိုက်သည်။ ထိုအခါ အဲ့လ်ကျွန်းသို့ ပြန်ရောက်သွားသလို ခံစားရသည်။ ရေညှိညှို ပင်လယ်ကွေ့မှ ရေးရိုးပုံစံဖြင့် ဆောက်ထားသည့် အိမ်ဖြူကြီး။ ငန်းဖြူတွေ တကွင်းလုံးပြည့်နေသည့် ယာတော ကွင်းပြင်ကျယ်ကြီး။

"အင်း… နေကောင်းပါတယ်"

"ဟုတ်လား၊ အဲဒီမှာ နေရတာ သား ခုထိ ပျော်နေတုန်းလား၊ ဘာပြုလို့လဲ ဆိုတော့…"

"မေမေကော၊ မေမေ့ အခြေအနေ ပြောပါဦး"

mgyoe.com

mgyoe.com
SAMPLE BOOK


သူက စိတ်မရှည်ဟန်ဖြင့် ပြန်မေးသည်။

"မေမေ ကောင်းနေပါပြီ"

ပြောနေရင်း ကောလိပ်ကျောင်းသူလေးနှစ်ယောက်များ နားထောင်နေမည်လားဟု လှည့်ကြည့်လိုက်သည်။ သူတို့ မကြားအောင် လေသံနှိမ့်ပြီး ဆက်ပြောသည်။

"ပြီးခဲ့တဲ့လက ကီမိုသွင်းတာ ရပ်လိုက်ပြီ၊ ဓာတ်မှန်တွေ အားလုံး ကောင်းတယ်၊ အကျိတ် မရှိတော့ဘူး တဲ့၊ MRI လည်း ရိုက်ပြီးပြီ၊ အားလုံး အိုကေတယ်တဲ့ သား"

"ဒါဆို လုံးဝ ပျောက်သွားပြီပေါ့"

"ဟုတ်တယ်လေ"

ဆာရာက နှုတ်ခမ်းကိုကိုက်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။ အကြောင်းမှာ သည်ရောဂါအကြောင်း ကောင်းကောင်းသိထား၍ ဖြစ်သည်။ အသက်ရှင်နှုန်းမှာ ငါးရာခိုင်နှုန်းမျှသာ။

"ကောင်းတာပေါ့"

အကြာကြီး ငြိမ်သွားပြီးမှ ထပ်ပြောသည်။

"ကောင်းတာပေါ့ မေမေ"

"သားဘိုးဘိုး အနားမှာ ရှိလား"

အဖေ့အကြောင်းကို ဆာရာက ဖြတ်မေးလိုက်သည်။

"နောက်ဖေး ကျီထဲမှာ မေမေ၊ နေ့လယ်စာ စားဖို့ သား အိမ်ထဲ ပြန်ဝင်လာတာ"

သူက လည်ချောင်းရှင်းလိုက်ပြီး–

"မေမေ့ မွေးနေ့ကို သတိရလို့ သား ခေါ်လိုက်တာ"

"ခေါ်ပြီး နှုတ်ဆက်တဲ့အတွက် ကျေးဇူးပါ သားရယ်၊ သားကို မေမေ အောက်မေ့နေပါတယ် မိုက်ရယ်"

"မိန်းကို မေမေ ဘယ်တော့ ပြန်လာမှာလဲ၊ ဘိုးဘိုးက မေးနေတယ်၊ မွေးနေ့ ဆုတောင်းပေးဖို့လည်း သူပဲ သတိပေးတာ မေမေ၊ သားက မေ့လုလု ဖြစ်သွားတယ်လေ"

"သူ ဆက်ခိုင်းလို့ သား ဆက်တာပေါ့"

mgyoe.com

"မဟုတ်ပါဘူး၊ သားဘာသာ ဆက်တာပါ၊ ဘယ်တော့ လာမှာလဲ ဟင်"

"အသေအချာ မပြောနိုင်သေးဘူး သား"

ကျွန်းကိုပြန်လျှင် ပျော်စရာထက် စိုးရိမ်စရာ၊ စိတ်ပျက်စရာတွေက ခပ်များများ။ ဆရာဝန်က စိတ်ဖိစီးမှုကို အတတ်နိုင်ဆုံး ရှောင်ရန် သတိပေးထားသည်။ မိုက်ကို သူ့အဘိုးနှင့် တွဲပြီး မြင်လိုက်ကတည်းက စိတ်ခတ်ကျသွားသည်။ အဖေက ဆာရာ့အပေါ် ဘယ်တုန်းကမှ အကောင်းမမြင်ဘူးလေ။

"ကျေးဇူးတော်နေ့လောက် မေမေ လာနိုင်ရင် ကောင်းမှာ"

မိုက်က သူ့ဆန္ဒကို ထုတ်ပြောသည်။

"ကြည့်သေးတာပေါ့ သားရယ်"

သားအမိနှစ်ယောက် စကားပြတ်သွားသည်။ စိတ်မချမ်းမြေ့ဖွယ်ရာ တိတ်ဆိတ်သွားခြင်းမျိုး။ ဆာရာ့စိတ်တွေ ယောက်ယက်ခတ်သွားသည်။ မေးခွန်းတွေ၊ ယိုးစွပ်မှုတွေ၊ အချစ်အတွက် ပေါက်ကွဲမှုတွေ။ ဘာကြောင့် သားက သူ့ကို ထားသွားရတာလဲ။ အမေ ဆုံးပြီးကတည်းက ဆာရာတယောက် ကျွန်းပေါ်တွင် ဆက်မနေနိုင် ဖြစ်ခဲ့ရသည်။ အဖေ့ကို အမုန်းဖြင့် ထားခဲ့ပြီး ထွက်ခဲ့ခြင်းဖြစ်သည်။ ဘာမှ ထုတ်မပြောသော်လည်း အဖေသည် သူ့ကို ခွင့်မလွှတ်ဘဲ တင်းမာခဲ့သည်။ သည်ကြားထဲမှ မိုက်က သူနှင့် သွားနေခြင်းဖြစ်၏။ သူ မမွေးခင် သေသွားသည့် သူ့အဖေ ဇီကီ လိုရင်း၏ အဆက်အသွယ်ရှာရင်း အဘိုးဆီ ရောက်သွားတာလေ။

ဝွမ်းကပ်ပေါ်တွင် ဖိမ်နှင့်လှဲနေသည့် မိန်းကလေးက လှမ်းပြောသည်။

"တဆိတ်နော် အန်တီ၊ သမီး လိုချင်တာတွေ ဝယ်ဖို့ မေမေ့ကို လှမ်းခေါ်လိုက်ရမလား ဟင်"

မိုက်က နောက်ဆုံးပြောသည်။

"သား သွားတော့မယ်နော် မေမေ၊ ဘိုးဘိုး နေ့လယ်စာစားဖို့ စောင့်နေပြီ"

"အေးပါ သားရယ်၊ ကျေးဇူးနော်၊ သားခေါ်လို့ မေမေ အရမ်းပျော်သွားတယ် သိလား၊ မေမေ ရဖူးတဲ့ လက်ဆောင်တွေထက် ဆယ်ဆသာတယ်နော် သား"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘိုင် မေမေ"

ဈေးဝယ်သူကလေးတွေဘက်သို့ ပြန်လှည့်လိုက်တော့ ဆာရာ့ မျက်နှာ ပြုံးနေသည်။ ကျောင်းသူကလေးကို သူ့အမေခေါ်ဖို့ ခေါင်းညိတ်ပြတော့ သူ့မျက်နှာမှာ လေးနက်စွာ တည်ငြိမ်နေသည်။ ပြီးတော့မာစဲလပ်စ်ကောလိပ် ကျောင်းသူကလေးများအား ဈေးဆက်ရောင်းနေသည်။ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများသည် သူ့အတွက် အဓိက ဝင်ငွေရှာပေးနေသူများ ဖြစ်သည်။

သို့သော် ဈေးရောင်းရတာ စိတ်မပါတော့။ စိတ်က သားဆီ ရောက်နေသည်။ 'မိုက်တဲလ်ဘော့' ဆိုသော သားကလေး။ အသက် ဆယ့်ခုနစ်နှစ်နှင့် ဆယ်တန်းမအောင်ခင် ကျောင်းထွက်ပြီး အဘိုးနှင့်အတူ ယာလုပ်နေသည့် သားကလေး။ အဘိုးက မိန်းပြည်နယ်မှ အဲလ်ကျွန်း၏ ဒေါသကုမ္မာရဟုနာမည်တလုံးနှင့် နေသူ။ ဝါဂွမ်းစိုက်ပြီး မိရိုးဖလာ မွေ့ရာ၊ ဂွမ်းကပ်လုပ်ငန်းကို စိုက်လိုက်မတ်တတ် လုပ်နေသူ။ ဘဝတွင် အချစ်ရဆုံး သားကလေးက သည်အဘိုးနှင့် သွားနေနေသည် တဲ့။

သည်နေ့လို အခြေအနေတွင် ဆာရာက အရောင်းပြေစာ ရေးနေရသည်။ ဂွမ်းကပ် ရောင်းရငွေ ဒေါ်လာသုံးရာ။ သည်ခြံလုပ်ငန်းကြီး ချက်ချင်း ပျက်သွားပါစေဟု ဆုတောင်းလိုက်မိသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

စီးကရက်က မြို့ထဲသို့ စက်ဘီးစီး၍ ထွက်လာခဲ့သည်။ ဆောင်းဦးလေက သွေးခဲလုမတတ် တိုက်နေသည်။ လက်ချောင်းကလေးများ တောင့်တင်းနေပြီ။ သည်နှစ် ပထမဆုံးကျသည့် နှင်းမှုန်တွေကို လျှာကလေးထုတ်ပြီး ခံရင်း ဆက်နင်းလာခဲ့သည်။ နှာခေါင်းနှင့် ပါးနှစ်ဖက်စလုံး ထုံနေသည်။ ဝိညာဉ်များနေ ပြီးစမို့ ရေကန်အပေါ်လွှာ ရေခဲစပြုနေပြီ။ ကမ္ဘာပေါ်တွင် ကရွမ်းဝဲလ်လောက်အေးသည့် နေရာ ရှိလိမ့်မည်ဟု စီးကရက် မထင်။ နယူးပို့ကို အေးသည် ဟု ဆိုကြသည်။ သို့သော် ကရွမ်းဝဲလ် နွေလောက်တောင် အေးသည် မထင်။

ဈေးဆိုင်တွေထဲမှာလည်း ခိုက်ခိုက်တုန်နေကြသည်။ စက်ဘီးကို ဖြည်းဖြည်း ဆက်နင်းသွားပြီး တပတ်ချင်း ဆက်လိမ့်သည်။ အချို့ဆိုင်များ တွင် မှန်အိမ်တွေတောင် မငြိမ်းကြသေး။ ပြတင်းပေါက်တွင် တွဲလောင်း။ အချို့ ဆိုင်များက ခရစ္စမတ်အတွက် ပြင်ဆင်နေကြပြီ။ ကြည့်ရသည်မှာ ပျော်စရာ။ 'မိုးတိမ်လွှာ' ဆိုသည့် ဆိုင်တဆိုင်ထဲတွင် တကယ့်တိမ်တွေနှင့် တူအောင် ဝါဂွမ်း များဖြင့် ပြင်ဆင်ထားသည်။

စီးကရက်က နွေးထွေးမည့် ဆိုင်တဆိုင်ထဲသို့ ခဏဝင်မည် စိတ်ကူး ဖြင့် စက်ဘီးကို တနေရာတွင် ဒေါက်ထောက်လိုက်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုင်ထဲ ဝင်သွားတော့ ဆိုင်ထဲမှ အမျိုးသမီးက လှမ်းနှုတ်ဆက်သည်။

"ဟိုင်း"

"ဟိုင်း"

စီးကရက်က ဈေးဝယ်သူပုံစံဖြင့် ခပ်တည်တည် ပြန်နှုတ်ဆက်လိုက်၏။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး ဈေးနှုန်းစာရင်းကို ကြည့်နေသည်။

"လိုချင်တာရှိရင် ပြောနော် သမီး"

"ဟုတ်ကဲ့ရှင့်"

စီးကရက်က စိတ်ပါလက်ပါ ပုံစံဖြင့် ခေါင်းအုံးကလေးတွေကို လျှောက်ကိုင်ကြည့်နေသည်။ ဆိုင်နောက်ပိုင်းမှ ပန်းသီးဖျော်ရည် ကျိုနေသည့် အနံ့ သင်းလာသည်။

"ပန်းသီးဖျော်ရည်နွေးကလေး တခွက် သောက်လိုက်ပါလား သမီး"

ဆိုင်ရှင်က ဖိတ်မန္တက ပြုလိုက်သည်။

"အို... ကိစ္စမရှိပါဘူး အန်တီ။ နေပါစေ"

စီးကရက်က ဈေးဝယ်သူဟန်ဆောင်ထား၍ စိတ်ထဲ မလုံမလဲဖြင့် ငြင်းလိုက်သည်။ သူ့တွင် ဘာဝယ်ဖို့မှ ရည်ရွယ်ချက်မရှိ။

"သိပ်အေးတယ်ကွယ်။ သောက်လိုက်ပါလား သမီးရယ်"

ခုမှ ဆိုင်ရှင်အမျိုးသမီးကို သေသေချာချာ ကြည့်လိုက်မိသည်။ လက်စသတ်တော့ ဆာရာတဲလ်ဘော့ ဆိုင်ကိုး။ မီမီတို့မိတ်ဆွေ ရောဂါသည် အမျိုးသမီး။

သည်တော့မှ စီးကရက်က ထပ်နှုတ်ဆက်လိုက်သည်။

"ဟိုင်း"

ဆာရာက ပြန်နှုတ်ဆက်လိုက်သည်။

"ဟိုင်း၊ သမီးကို အန်တီ သိပါတယ်၊ အန်တီ့မွေးနေ့မှာ အပျော်လေယာဉ်စီးတုန်းက သမီးကို အဝေးက လှမ်းမြင်လိုက်တယ်လေ"

"ဟုတ်ကဲ့ရှင့်၊ သမီးအဖေက လေယာဉ်မှူးပါ"

"အင်း... သိပ်တော်တဲ့ လေယာဉ်မှူးပဲ၊ သမီး နွေးသွားအောင် နည်းနည်း သောက်လိုက်ပါလားဟင်"

"ဟုတ်ကဲ့၊ ဒါဆို နည်းနည်း သောက်ပါ့မယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


ဆာရာက အညိုရောင် မတ်ခွက်ထဲသို့ ဖျော်ရည် ငှဲ့ထည့်နေစဉ် စီးကရက်က အသာလေး စောင့်နေသည်။

"သမီးဖေဖေက TWA နဲ့ Delta မှာ မောင်းခဲ့ဖူးတယ်လေ၊ သူက ဘယ်လို လေယာဉ် မောင်းရ မောင်းရ၊ ဘယ်ခရီး သွားရ သွားရ။ ဒါပေမဲ့ ကိုယ်ပိုင်အလုပ် လုပ်မယ်ဆိုပြီး ထွက်လိုက်တာ"

ဆာရာက မတ်ခွက်ကို ကမ်းပေးရင်း ပြောလိုက်သည်။

"အင်း... သူ့အလုပ်မှာ သိပ်ကျွမ်းတဲ့အကြောင်း သိသာပါတယ် ကွယ်"

စီးကရက်က ဆက်ရှင်းပြသည်။

"သူက အမေရိကန်ရေတပ်မှာ ကောင်းကောင်း ပညာယူခဲ့တာ၊ ဒါပေမဲ့ ရေတပ် မဝင်ခင်ကတည်းက လေယာဉ်မှူးလေ၊ ရေတပ်က သူ့ကို ခေါ်ပြီးသုံးတာ၊ ဖေဖေက စွယ်စုံ အန်တီရဲ့၊ လေယာဉ်မောင်းရုံ မကဘူး၊ မုန်းတိုင်းထဲမှာလည်း ရေကူးပြီး သူ့ရဲဘော်တွေကို ကယ်ခဲ့ဖူးတယ်၊ သူက အမြဲတမ်း ခေါင်းကိုသုံးတယ်၊ ပါရှင်ပင်လယ်ကွေ့ စစ်ပွဲတုန်းကလည်း သူ့ စွန့်စားခန်းတွေ အများကြီးပဲ"

ဆာရာက ဖြတ်ပြီး မှတ်ချက်ချလိုက်သည်။

"အင်းပေါ့လေ၊ သမီးအတွက် ဂုဏ်ယူလို့မဆုံးတဲ့ အဖေပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

နောက် စကားမစခင် စီးကရက် ရင်ကျပ်ချင်သလိုလို ဖြစ်လာပြန်သည်။ ဘာအတွက် အစောကြီး ရောက်လာတာလဲ။ ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိလဲ၊ စသည် စသည်တွေ လာဦးမည် ထင်ပါရဲ့ဟု တွေးပြီး စီးကရက် စောင့်နေလိုက်သည်။

သို့သော် တခွန်းမှ ဆက်မမေးဘဲ လက်ဆန့်ပေးရင်း-

"တို့နှစ်ယောက် ခုမှ တရားဝင် တွေ့ကြတာနော်၊ အန်တီက ဆာရာတဲလ်ဘော့ပါ"

"ဟုတ်ကဲ့၊ သမီးက စီးကရက်ဘတ်ခ် ပါ"

mgyoe.com

mgyoe.com SAMPLE BOOK


"အို... လှလိုက်တဲ့ နာမည်လေး"

ဆာရာက ချီးကျူးလိုက်သည်။

စီးကရက်က ခေါင်းညိတ်ပြီး တမင် မြှောက်ပြောတာလား ဆိုပြီး ဆာရာ့ကို လှမ်းကြည့်လိုက်တော့ တကယ်ပြောနေမှန်း သိသွားပြီး-

"ကျေးဇူးတင်ပါတယ် အန်တီ၊ နာမည်ကို စနိုးလို့ ပြောင်းမယ် စိတ်ကူးလိုက်သေးတယ်"

"အင်း... ခုလို ဆောင်းတွင်းနဲ့ ပိုလိုက်တာပေါ့နော်" ဟု ဆာရာက ခေါင်းတညိတ်ညိတ်နှင့် ပြန်ပြောလိုက်သည်။

"ဆာရာက အန်တီ့ နာမည်ရင်းလားဟင်"

"ဟုတ်တယ် သမီး၊ မွေးကတည်းက ဒီနာမည်ပါပဲ၊ ခုနစ်တန်းရောက်တော့ ဆာဒီလို့ ပြောင်းသေးတယ်၊ ဒါပေမဲ့ အန်တီနဲ့ မလိုက်ပါဘူးနော်"

စီးကရက်က ခေါင်းညိတ်ပြီး-

"ဟုတ်တယ် အန်တီ၊ ဆာရာဆိုတဲ့ နာမည် အန်တီနဲ့ အလိုက်ဆုံးပဲ"

ပြောပြီး ဆာရာ့ ဆံပင်တွေကို လှမ်းကြည့်လိုက်သည်။

"အန်တီ့ ဆံပင်တွေ ဘယ်လို ဖြစ်သွားတာလဲဟင်"

ဆာရာ မျက်နှာ တချက်နီသွားသည်။

"ပုံပျက်ပန်းပျက် ဖြစ်သွားတာပေါ့ သမီးရယ်၊ ကျွတ်ကုန်တယ်လေ၊ အရောင်လည်း ပျက်သွားတယ်။ ဟိုတုန်းက အညိုရင့်ရောင် သမီးရဲ့၊ ခုတော့ မြင်တဲ့အတိုင်းပဲကွယ်၊ ကြောင်တောင်တောင် အရောင်ပေါ့"

"ဆိုးလို့ရတာပဲ အန်တီ"

ဆာရာက အကြံပေးသည်။ သူက အလှပြင် ဝါသနာပါသည်။ ကျွမ်းလည်း ကျွမ်းသည်။

"ကျွတ်ပြီး ပြန်ပေါက်လာတဲ့ ဆံပင်တွေက သန်တယ်တဲ့အန်တီ၊ အဖြူရောင် လုံးလုံးဖြစ်သွားရင် သိပ်လှမှာ၊ တကယ့်ကို လှမှာ အန်တီ"

သည်တွင် ကောလိပ်ကျောင်းသူကလေးတွေ အုပ်လိုက် ဝင်လာသဖြင့် ဆာရာက လှမ်းနှုတ်ဆက်လိုက်သည်။ မိန်းကလေးတသိုက်က ပြန်နှုတ်ဆက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


စီးကရက်က ဆိုင်ထောင့် တနေရာမှ မွေ့ရာတခုပေါ်တွင် ဝင်ထိုင်ပြီး ဖိမ်ယူနေလိုက်သည်။ ဆာရာက ဈေးဝယ် မိန်းကလေးတသိုက် နှင့် ခဏ စကားပြောပြီး ထားခဲ့ကာ စီးကရက်ဆီ ပြန်လာပြီး သစ်သီး ဖျော်ရည်သောက်ရင်း စကားပြောသည်။ စင်စစ် ကျောင်းသူတွေက ငွေရမည့် ဖောက်သည်တွေ ဖြစ်သည်။ သို့သော် သည်အတိုင်း ထားခဲ့ပြီး စီးကရက်ကို လာပြီး ညှော်ခံ စကားပြောနေသည်။

*

ကရွမ်းဝဲလ် ပွဲတော်ကို ဝိညာဉ်များနေ့နှင့် ကျေးဇူးတော်နေ့ကြား စနေနေ့တွင် ကျင်းပသည်။ ထိုနေ့ပွဲကို တမြို့လုံး တက်ကြသည်။ ဆာရာက မိမိတို့ မိသားစုနှင့် အတူလိုက်လာသည်။ ပြခန်းတွေကို လျှောက်ကြည့်ကြသည်။ ဝက်အလှပြိုင်ပွဲတွေ၊ နွားသိုးအလှပြိုင်ပွဲတွေကို လျှောက်ကြည့်ကြသည်။ မိမိက သူ့မွေးနေ့မှာ ကင်မရာတလုံး လက်ဆောင်ရထားသဖြင့် မနားတမ်း လျှောက်ရိုက်နေသည်။

မာဂရက်က မေးလိုက်သည်။

"ရဟတ် စီးကြမလား"

"မင်းတို့ သားအမိ စီးလေ၊ ကိုယ်တော့ ချောကလက်နွေး တခွက်လောက် သွားသောက်လိုက်ဦးမယ်"

တနာရီအတွင်း တက်တူးဆိုင်ရှေ့တွင် ပြန်ဆုံဖို့ ချိန်းပြီး ချားရဟတ်ကြီး အနီးမှ ဆာရာ ထွက်လာခဲ့သည်။

စားသောက်ဆိုင်တန်းဘက်ကို ဆာရာ ထွက်လာခဲ့ရင်း စိတ်ထဲ ပျော်လာသည်။ သည် ရိုးရာရာသီပွဲကို ရောက်တိုင်း ပျော်ရသည်ချည်း။ လူတွေ၊ တိရစ္ဆာန်တွေ၊ ခေါင်းလောင်းထိုးသံတွေ။ အသိတွေနှင့် နှုတ်ဆက်ရသည်မှာလည်း ပျော်စရာ။

သက္ကလတ်ဦးထုပ်အနက် ဆောင်းလာပြီး ဂျင်းဘောင်းဘီအနက်နှင့် ဇီကီ၏ သားရေစစ်ဂျာကင်ဟောင်းကြီးကို ဝတ်လာခဲ့သည်။ သူ အလွန်ဝတ်ခဲ့သည့် ဂျာကင်။ မိုက် ရှိနေလျှင် ဆာရာ ဘယ်တော့မှ မဝတ်။ သူ့ပစ္စည်း

mgyoe.com

m g y o e . c o m

SAMPLE BOOK


တွေလည်း များများစားစား မရှိတော့။ မိုက်က သူ့အဖေအကြောင်း မေးလွန်း၍ ဖြစ်သည်။ တချို့ မေးခွန်းတွေကို ဆာရာ မဖြေနိုင်။

"ချောကလက်ခွေး တခွက် ပေးပါ"

ကောင်တာနောက်တွင် ရပ်နေသူအား မှာရင်း စက္ကူလက်သုတ်ပဝါကို ကောင်တာပေါ်တွင် ရှာကြည့်သည်။ ကောင်တာထောင့်တွင် အချဉ်ရည်ပုလင်းများ၊ စုပ်တံပိုက်များနှင့်အတူ လက်သုတ်ပဝါ စက္ကူဖာကို လှမ်းမြင်သည်။ သို့သော် လှမ်းယူဖို့ ရှေ့တွင် လူတယောက် ပိတ်ရပ်နေသည်။ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့်။ သူကလည်း ဆာရာ့လိုပင် သားရေဂျာကင် ဝတ်ထားသည်။

သူက တိုးဝှေ့ပြီး လက်သုတ်ပဝါ ယူဖို့ ရှေ့တိုးလိုက်သည်။

"တဆိတ်ရှင်"

သူက ပျော်သွားပုံ၊ အံ့ဩသွားပုံဖြင့် နှုတ်ဆက်သည်။

"ဟဲလို… ဆာရာ"

"ဟိုင်း"

ဆာရာက တုံ့ပြန်လိုက်သည်။ လက်စသတ်တော့ လေယာဉ်မှူးနှင့် လာတိုးနေတာကိုး။ သူက လက်ထဲတွင် ဝက်အူချောင်းညှပ်ပေါင်မုန့်ကို ကိုင်လျက်။ ဆာရာ့အပေါ်ကို အဆာတွေ ထွက်ကျမည်စိုးသဖြင့် မုန့်ကိုင်ထားသည့် လက်ကို မြှောက်ထားသည်။

သူက ပြုံးပြီး–

"ပြန်တွေ့ရတာ ဝမ်းသာပါတယ် ဆာရာ"

"ဟုတ်ကဲ့၊ ဆာရာလည်း ဝမ်းသာပါတယ်၊ နေကောင်းတယ်နော်"

"ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ဆာရာကော"

"ခုတလော သိပ်နေကောင်းနေပါတယ်၊ ပွဲကို လာချိန် ရသားပဲ၊ စီးကရက်ကော မပါဘူးလား"

သူက မျက်ခုံးချီလိုက်ပြီး–

"စီးကရက် ဟုတ်လား၊ သြော်… ဆူစန်ကို ပြောတာလား၊ သူနဲ့ တွေ့ပြီးပြီလား"

mgyoe.com

mgyoe.com

"အင်း… တနေ့က ကျွန်မဆိုင်ကို ရောက်လာတယ်"

သူက ခေါင်းယမ်းလိုက်ပြီး–

"အင်း… စီးကရက် ဖြစ်သွားပြန်ပြီ၊ သူ နာမည်ပြောင်းတိုင်း စိတ်ညစ်ရတယ်၊ ဆူစန်ဆိုတဲ့ နာမည်လေးနဲ့ ဘယ်လောက် လိုက်သလဲဗျာ"

ဆာရာက ခေါင်းညိတ်လိုက်သည်။ သူက ဖိစီးမှုများနေသူ တယောက်၏ လေသံဖြင့် ပြောနေသည်။ သို့သော် သူ့ကို မှတ်ချက်ချဖို့ သူ့အကြောင်း ဘာမျှ မသိသေး။

"သူ့ဘာသာ ဘာနာမည် ပေးပေးပါ၊ သူဟာ ချစ်စရာကောင်းတဲ့ ကလေးတယောက်ပါ"

"ဒါဆို ဘာမှ ပြဿနာ မရှိနိုင်ဘူးပေါ့"

"ကျွန်မ တယောက်တည်းရဲ့ အမြင်ကို ပြောရရင် မရှိနိုင်ပါ ဘူး"

သူ မျက်ခုံးရှုံ့သွားပြန်သည်။

"ဟမ်၊ သူ့အမေကတော့ ဒါကို ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး လို့ ယူဆတယ်၊ တနေ့မှာ ဒုက္ခတွေ့မယ်လို့ ထင်နေတယ်"

"ဆာရာကတော့ ရှင့်အမျိုးသမီးနဲ့ သဘောမတူနိုင်ဘူး"

"ဟိုတုန်းက အမျိုးသမီးပါ"

ဝီလ်က ဖြည့်ပြောလိုက်သည်။

"ကျွန်မကတော့ ပြဿနာ မရှိနိုင်ဘူး ထင်ပါတယ်၊ သူက ဆယ့်ငါး နှစ်သမီးပဲ ရှိသေးတယ်၊ အရာရာကို စူးစမ်းချင်တဲ့ အရွယ်လေ၊ သူ့ကိုယ်သူ လည်း ပြန်ပြီး ရှာဖွေနေတဲ့ အပျိုဖော်ဝင်စ အချိန်ရှင့်"

ဝီလ် ခေါင်းညိတ်လိုက်သည်။ သူ့စိတ်ထဲ သိသိသာသာ ပေါ့ပါး သွားပုံ။ လက်ထဲမှမုန့်ကို အားရပါးရ ကိုက်စားနေသည်။ သူ့မျက်နှာနှင့် လက်နှစ်ဖက်က နေလောင်ထားသဖြင့် နီရဲနေ၏။ ခေါင်းပေါ်တွင် ဆံပင်တွေ က လှိုင်းထလျက်။ နားသယ်စတွင် ဖြူစပြုနေပြီ။ ဆံပင်တွေက ရေတပ် စစ်ပြန်တယောက်နှင့် မတူ။ အတန် ရှည်နေသည် ထင်ရ၏။ မျက်လုံးတွေက အပြာရင့်ရောင်။

ဆာရာက ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး–

"သူ ပါလာလားဟင်" ဟု မေးလိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


သူက ပြုံးပြီး-

"ဘယ်သူလဲ၊ စီးကရက်လား၊ ဟင့်အင်း၊ အိမ်မှာ ကျန်ရစ်တယ်၊ ဒီနေ့ ပို့စရာ ခရီးသည်တွေ အများကြီးရယ်၊ ဆာရာ့လို အပျော်စီးမယ့် လူတွေလေ"

"သိပ်ပျော်စရာကောင်းတာပဲနော်၊ မကြာခဏ ဆာရာ ပြန်သတိရနေတယ်၊ ဒီလို ခရီးတိုကလေးမျိုး ဆာရာ ပထမဆုံး စီးဖူးတာ"

ချောကလက်မွှေးကို တချက် မော့လိုက်ပြီး ပြုံးပြုံးလေး ဆက်ပြောသည်။

"ပြန်လာတော့ ပိုနေကောင်းသွားသလိုပဲ"

ဝီလ်က သူ့လက်မောင်းကို လှမ်းပုတ်ပြီး-

"ကြားရတာ ဝမ်းသာပါတယ်ဗျာ"

ဆာရာ့ ခေါင်းထဲတွင် အကြံတခု ဖျတ်ခနဲ ပေါ်လာသည်။ သည်စိတ်ကူး သူ့ခေါင်းထဲ ရောက်နေသည်မှာတော့ ကြာပြီ။ အိပ်မပျော်သည့်အခါတိုင်း ရွာကိုပြန်ဖို့ စဉ်းစားသည်။ ပြန်သင့် မပြန်သင့် တွေးသည်။ ကျေးဇူးတော်နေ့အမီ ပြန်ရမလား။ ဘာနဲ့ ပြန်မလဲ။ ခုတော့ မထင်ဘဲနှင့် သည်ခရီးအတွက် အစီအစဉ် ဆွဲပြီးသားလို ဖြစ်သွားသည်။

"ခရီးဝေးတွေကိုကော ချာတာငှားရင် လိုက်သလားဟင်၊ ဥပမာ မိန်းကို ဆိုပါတော့"

"ဟုတ်ကဲ့၊ လိုက်ပါတယ်၊ မကြာခဏ ငှားကြပါတယ်၊ မိန်း ပြည်နယ် ဘယ်အနားလဲ မသိဘူး"

"အဲ့လ်ကျွန်းပါ၊ မိန်းရဲ့ အစွန်ဆုံးက ကျွန်းကလေးပါ၊ အဲဒတ် ကျွန်းနားမှာလေ"

"လေယာဉ်ကွင်း ရှိလားဟင်"

"ကွင်းက သိပ်တော့မကောင်းဘူး၊ ပြေးလမ်းက မြက်ခင်းပဲ"

"ကျွန်တော့် လေယာဉ်တွေက မြက်ခင်းပြေးလမ်းကို ကြိုက်ပါတယ်၊ ဘယ်တော့လောက် သွားချင်တာပါလိမ့်"

ဆာရာက စဉ်းစားပြီး ဖြေသည်။

"အဲဒါ ပြဿနာ ဖြစ်နေတယ်၊ ကျေးဇူးတော်နေ့ ဆိုရင် ရှင်လည်း အားမယ် မထင်ဘူး"

mgyoe.com

mgyoe.com

“အားပါတယ်”

“ဒါဆို လေယာဉ်ခ တွက်ပြီး ဆာရာ့ကို အကြောင်းပြန်ပါလား”

သူက ဝမ်းသာသွားပုံဖြင့်-

“ဟုတ်ကဲ့၊ ကောင်းပါပြီ။ ရာသီဥတုတော့ တချက် ကြည့်ရလိမ့်မယ်။ ကျွန်တော့် လေယာဉ်အကြီးက ရာသီဥတုနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေ ပိုပြည့်စုံတယ်။ ဒါပေမဲ့ ဈေးကြီးလွန်းတယ်”

ဆာရာက ခေါင်းညိတ်ပြီး တံတွေး တချက်မျိုလိုက်သည်။ သွားရေး လာရေးအတွက် စီစဉ်ရသည့်အတွက် သားလေးနှင့် ပြန်တွေ့ဖို့ နီးပြီဆိုပြီး အားတက်ရသည်။ မိုက်နှင့် ပြန်တွေ့ရတော့မည်။ အလိုလို ပျော်သွားပြီး ရယ်ချင်လာသည်။ နောက်တော့ အသံထွက်ပြီး ရယ်လိုက်မိသည်။ ပြီးမှ ကျွန်းပေါ် ပြန်ရောက်လျှင် အဖေနှင့် ပြန်တွေ့ရမည့်အရေးကို တွေးမိပြီး မျက်နှာ ပြန်တည်သွားသည်။ နှစ်ပေါင်းများစွာအတွင်း အဖေနှင့် ပထမဆုံး ပြန်ဆုံရတော့မည်။ အဖေက တမျိုး။ သူ ကြီးလာသည်ကို မကျေနပ်။ ကောလိပ်ဆက်တက်ဖို့ အိမ်က ထွက်သွားသည်ကို မကျေနပ်။ မိုက်တလုံးနှင့် အိမ်ပြန်လာသည်ကို မကျေနပ်။ ဒေါသထွက်လို့ မဆုံး။ ဆာရာ့အမေ ဆုံးပြီး ရခဲ့သည့် သူ့စိတ်ဒဏ်ရာသည် ဘယ်တော့မှ မကျက်တော့။ သမီးကိုလည်း ခွင့်မလွှတ်တော့။

ဝီလ်ကို လက်ဆွဲနှုတ်ဆက်ပြီး ပြန်ပြောလိုက်သည်။

“ဆာရာ ဖုန်းဆက်ပါ့မယ်နော်”

“ကောင်းပါပြီဗျာ”

ဝီလ်က နာရီကို ငုံ့ကြည့်ပြီး-

“ကဲ… ကျွန်တော်လည်း လေယာဉ်ကွင်း ပြေးရတော့မယ်”

ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်ပြီး ခေါ်သည်။

“ဆာရာ…”

“ဟုတ်ကဲ့၊ ဘာပါလိမ့်”

“သြော်… ပြောဖို့ ကျန်သွားလို့။ စီးကရက်က ကျွန်တော်နဲ့ မနေဘူးနော်။ သူ့အမေနဲ့ သူ့ပထွေးအိမ်မှာ နေတာ။ ကျွန်တော့်သမီးပေမယ့် ကျွန်တော်နဲ့ အတူမနေတဲ့အကြောင်း ပြောတာပါ။ ကျေးဇူးတော်နေ့မှာလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


သူ့အမေ အဲလစ်နဲ့ပဲ နေမှာပါ။ ဒါကြောင့် မိန်းကို လိုက်ပို့ဖို့ ပြဿနာ မရှိပါဘူး''

''သြော်… ဟုတ်လား''

ဘာပြန်ပြောရပါ့မလဲဟု ဆာရာ စဉ်းစားနေသည်။ ထိုအချိန်တွင် ချာတိတ်တသိုက် ဝုန်းဒိုင်းကြဲ ပြေးဝင်လာပြီး တယောက်က ဆာရာ ဆောင်းထားသည့် ဖော့ဦးထုပ်ကို ဆွဲယူသွားသည်။ စိတ်ထဲတွင် ခေါင်းပါ ပြတ်ပါသွားပြီဟု ထင်လိုက်၏။ ဦးခေါင်း ပတ်ပတ်လည်မှ အမာရွတ်က လတ်လတ်ဆတ်ဆတ်ကြီး ရှိသေးသည်။ မျက်ရည်ကျသည်အထိ ဆာရာ နာသွားသည်။ ကလေးတွေက အဆော့လွန်သွားမှန်း သူတို့ဘာသာ သိသလို ဦးထုပ်ကို လွှတ်ချပြီး တယောက်က တောင်းပန်သည်။

''ဆောရီး'' ဟု ပြောပြီး ပြေးထွက်သွားကြသည်။

ဆာရာက ပါးစပ်အဟောင်းသားနှင့် ဝီလ်ကို ကြည့်နေသည်။ ရှက်လွန်းလို့ မျက်လုံးတွေ ပြာဝေနေသည်။ မငိုမိအောင် အံကြိတ်ထားစဉ် သူက အနားရောက်လာပြီး သိုင်းဖက်လာသည်။ ပြီးတော့ သူ့ရင်ခွင်ထဲ ဆွဲယူလိုက်၏။ ပြီးတော့ တိုးတိုးလေး ပြောလိုက်သည်။

''ဆံပင်တွေက လှတယ်နော်''

''အို… ဘယ်ကလာ၊ မလှပါဘူး၊ သားတွေ့ရင် ဘယ်လောက် စိတ်ပျက်သွားမလဲ မသိဘူး''

''အို… ဘာလို့ စိတ်ပျက်ရမှာလဲ''

ဝီလ်က အားပေးလိုက်သည်။

''ဆာရာ နေမကောင်းဖြစ်နေတုန်း သူ အိမ်က ထွက်ပြေးသွားတာ၊ ဒီလိုပုံစံနဲ့ သူ့အမေကို တခါမှ မမြင်ဖူးဘူးလေ။ ကျေးဇူးတော်နေ့ ရောက်တဲ့အထိ ဒီထက် ရှည်လာတော့မယ် မထင်ပါဘူး''

''ဒါပေမဲ့ သူနဲ့ တွေ့ရတော့မှာ မဟုတ်လား၊ ကိုယ်ကိုယ်တိုင် မင်းကို အိမ်အရောက် လိုက်ပို့ပေးမယ် ဆာရာ''

ဝီလ်က သူ့ နားနားကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

''အင်း… သွားဖြစ်ပါစေဦး''

''အို… သွားဖြစ်မှာပါ၊ အစီအစဉ်အတိုင်း ဖြစ်မှာ သေချာပါတယ်''

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဘယ်လိုလုပ်ပြီး ပြောနိုင်လဲ"

ဆာရာက သူ့ကို မှီပြီး သူ့မျက်လုံးတွေကို မော်ကြည့်ပြီး မေးလိုက်သည်။

"မင်းဟာ ကိုယ်တွေ့ဖူးသမျှထဲမှာ သတ္တိအကောင်းဆုံး မိန်းကလေးမို့ပေါ့"

*

စီးကရက်က ဂျူလီယံ၏ ရိမ့်ချ်ရိုဗာ ကားနောက်တန်းတွင် ထိုင်နေသည်။ သူ ဒေါသဖြစ်နေသည်။ သူ့အမေနှင့် ဂျူလီယံက သူ့ကို ပွဲခင်းထဲ ပို့ပေးမည်ဟု ကတိပေးထားသည်။ ခုတော့ ပွဲတော်ဆီ မမောင်းဘဲ ကားကို ဆန့်ကျင်ဘက်ဆီ မောင်းနေသည်။

နောက်တန်းမှ အသံကျယ်ကျယ်နှင့် အော်ပြောလိုက်သည်။

"ပွဲခင်းဆီကို အရောက် နောက်ကျတော့မှာပဲ၊ ဘာမှ အရေးမပါတဲ့ ထီးအိတ်ဝယ်ဖို့ အရင်သွားသတဲ့"

ဂျူလီယံက တခစ်ခစ် ရယ်နေသည်။ အလိုလိုက်ထားသဖြင့် ဆိုးချင်တိုင်း ဆိုးနေသည့် သမီးကလေးဆိုပြီး အဲလစ်က နှုတ်ခမ်းမဖွင့်ဘဲ ပြုံးနေသည်။ အဲလစ်သည် မိန်းမချောတယောက် ဖြစ်သည်။ မြင်သူ ငေးလောက်သည့် အလှပဂေး ဖြစ်သည်။ ရွှေရောင်ဆံပင်နှင့် မျက်နှာအကျက ကြွေရုပ်ကလေး အလား။

စီးကရက်က ဆက်ပြောသည်။

"လုံးဝ မတရားဘူး"

ဂျူလီယံက နောက်ကြည့်မှန်ထဲကို ကြည့်ပြီး-

"စိတ်အေးအေးထားလေ စီးကရက်" ဟု လှမ်းပြောသည်။

အမေကလည်း ရှင်းပြသည်။

"ရိုးရိုး ထီးထည့်တဲ့အိတ် မဟုတ်ဘူး သမီး၊ ဟိုးရှေးရှေး ဝိတိုရိယခေတ် ရှေးဟောင်းလက်ရာ၊ ဟိုဘက်ခေတ်က ချိတ်တွေ၊ ကြည့်မှန်တွေနဲ့ ထိုင်ခုံပါ ပါတယ်တဲ့၊ ဒီနေ့ နေ့လယ်ပိုင်း လေလံပစ်မှာ သမီးရဲ့။ တောင်ဘက်

mgyoe.com

mgyoe.com SAMPLE BOOK

မုခ်ဝမှာ ထားလိုက်ရင် ဘယ်လောက် ကောင်းမလဲ၊ စဉ်းစား ကြည့်စမ်း''

ဂျူလီယံက ဖြည့်ပြောသည်။

''အိမ်ကြီးကို အလှဆင်ရမယ် သမီးရဲ့၊ ထပ်ဖြည့်စရာတွေ အများကြီး ကျန်သေးတယ်၊ ခု သမီးတို့သားအမိ ရောက်လာပြီဆိုတော့ ပိုလှအောင် လုပ်ရတော့မယ်လေ''

စီးကရက်က ကြက်ခေါင်းဆိတ်မခံ ပြန်ပက်သည်။

''စီးကရက်အတွက်တော့ ဘာမှ မလုပ်ပါနဲ့၊ ဝါသနာ မပါဘူး''

ပြောပြီး ခုံပေါ်တွင် ခပ်လျှောလျှော ထိုင်လိုက်သည်။ ဦးထုပ်လျှာကို ရှေ့ဆွဲချလိုက်ကာ ဂျူလီယံ၏ နောက်စေ့တည့်တည့်ကို ကြည့်နေသည်။ ဖြစ်နိုင်လျှင် သူ့ကို တန်ခိုးဖြင့် ဖျောက်ပစ်လိုက်ချင်သည်။

တနှစ်လုံးလုံး သူက အမေ့အလုပ်ရှင်။ 'ဗွန်ဖရိုလစ်' ကုမ္ပဏီ ပိုင်ရှင်။ ပြိုင်ကားများ ထုတ်လုပ်သည့် လူချမ်းသာ အသိုင်းအဝိုင်းမှ ဖြစ်သည်။ အမေက သူတို့ကုမ္ပဏီမှ အတွင်းရေးမှူး။ အိမ်ပြန်ရောက်လျှင် သူ့ ဘော့စ်တွေ၏ အောင်မြင်မှု အကြောင်းများ ပြောရသည်မှာ အမော။

နောက်ပိုင်းကျတော့ ဂျူလီယံဗွန်ဖရိုလစ် အကြောင်း မနားမနေ ပြောတော့သည်။ ဘယ်လို စိတ်ဝင်စားဖို့ ကောင်းကြောင်း၊ ဘယ်ရွေ့ ဘယ်မျှ အောင်မြင်နေကြောင်း စသည် စသည်။ စီးကရက်၏အဖေ ဝီလ်က သတင်းစာ တွေ တနေကုန် ထိုင်ဖတ်နေချိန်၌ အဲလစ်က ဘဝလမ်းကြောင်း အသစ်ကို ရှာနေသည်။ အဖေက လက်ရှိလုပ်ငန်းကို စဖို့ တာစူနေချိန်။ ဤသို့ဖြင့် စီးကရက်၏ အမေနှင့် အဖေသည် ကိုယ့်အလုပ်ခွင်တွင်ကိုယ် နစ်မြုပ်နေကြ သည်။ စီးကရက်နှင့် သူ့အဖေက သွားလေသူ ဖရက်အတွက် သောက ဖြစ်နေ ကြသဖြင့် အဲလစ်၏ ခြေလှမ်းကို သားအဖနှစ်ယောက် သတိမမူမိခဲ့ကြပေ။ နောက်တစ်နှစ်အကြာတွင် အဖေနှင့် အမေ ကွာရှင်း ပြတ်စဲခဲ့ကြသည်။ နောက် တစ်နှစ်တွင် အမေနှင့် ဂျူလီယံ လက်ထပ်လိုက်ကြသည်။

''ဘယ်အချိန် ပွဲခင်းထဲ သွားကြမှာလဲ''

စီးကရက်က မေးလိုက်ခြင်း ဖြစ်သည်။ အဖေ့ကို တွေ့ချင်နေပြီ။ သူက ညနေ သုံးနာရီအထိ ရှခင်းကြည့် ပရိသတ်များအား လေယာဉ်ခရီးတို တွေ ပို့ပေးနေမည် တဲ့။ နာရီကို ကြည့်ပြီး စီးကရက် ဆက်ပြောသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟင်… ဆယ့်လေး သုညသုည နာရီတောင် ရောက်တော့မယ်"

ဂျူလီယံက ဝင်ပြောသည်။

"သာမညလူတွေကတော့ သာမညကိစ္စတွေကိုပဲ စိတ်ဝင်စားကြတာ ပေါ့"

"မှန်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

စီးကရက်က စက္ကန့်မဆိုင်း ပြန်ပြောသည်။

"သမီးဘဝက ဒီလို တောပွဲကလေးတွေကို စိတ်ဝင်စားရမယ့် အဆင့် မဟုတ်ဘူးလေ၊ သမီးနောက်မှာ အများကြီး ကျန်ခဲ့ပြီ ဆူစန်၊ ဒီထက် အဆင့်မြင့်တဲ့ အလှအပတွေဆီကို တို့က သွားနေတာ"

"စီးကရက်က တခြားနည်းလမ်းကို စဉ်းစားနေတာ"

"ဟုတ်လား၊ ဘယ်လို လမ်းကြောင်းမျိုးပါလိမ့်"

ဂျူလီယံက သူ့ကို နောက်ကြည့်မှန်ထဲက လှမ်းကြည့်ပြီး ထပ်မေး လိုက်သည်။ သူ့မျက်လုံးတွေက အိမ်မွေးခွေးလေးတကောင်၏ မျက်လုံးတွေ လို အစိမ်းရောင်။ စီးကရက် ကြည့်ပြီး ကြောက်လာသည်။ ဂျူလီယံက မယားပါသမီးကလေးကို သူ့အား မကြောက်စေချင်။ ချစ်စေချင်သည်။ သို့သော် စီးကရက်က သူ ဖြစ်စေချင်သလို ဘယ်တော့မှ ဖြစ်လာမည် မဟုတ်။ သူက ရွှေရောင် ဆံပင်ရှည်တွေကို နောက်စေ့တွင် စုထုံးထား သည်။

စီးကရက်က ခပ်တိုးတိုး ဆက်ပြောသည်။

"လူတွေက အားအားရှိ ပစ္စည်းတွေပဲ လျှောက်ဝယ်နေကြတယ်၊ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ"

အမေက ဝင်ပြောသည်။

"သမီးပဲ ဈေးဝယ်ရတာ ပျော်တယ်ဆို၊ မဟုတ်ဘူးလား"

ဂျူလီယံက စိတ်ပျက်လက်ပျက် ပုံစံဖြင့် ဝင်ပြောသည်။

"ရပါတယ် အဲလစ်၊ ပြောပါစေ၊ သူ ပြောတာ ကိုယ်နားထောင် ချင်ပါတယ်"

စီးကရက်က မဲ့ပြီး ပုံပျက်ပန်းပျက် ရှေးဟောင်းအိမ်ကြီးကို မြင် ယောင်လာသည်။ ပရိဘောဂတွေ၊ ရှေးဟောင်းပစ္စည်းတွေနှင့် ပြည့်နှက်နေ သည့် အိမ်ကြီး။ ကျွန်းထိုင်ခုံတွေ၊ သစ်မွှေးဖြင့် လုပ်ထားသည့် ဗီရိုတွေ။

mgyoe.com

mgyoe.com


"ကိုယ့်ဘာသာကိုယ် ပရိဘောဂဆိုင် ဖွင့်ကြပါလား"

"ဖွင့်လို့ ရတယ်၊ ဒါပေမဲ့ ဖွင့်ဖို့မှ မလိုတာ"

ဂျူလီယံက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ အဲလစ်က သမီးကို ချော့ပြောပြန်သည်။

"သမီး ဆူစန်၊ ဂျူလီယံက သမီးကို ဝယ်ပေးထားတာတွေ အများကြီးလေ၊ သမီးက ပြန်ပြီး ကျေးဇူးမတင်သလိုပဲ"

"ဖေဖေကလည်း လိုသမျှ ဝယ်ပေးနေတာပဲ"

ဂျူလီယံဆီမှ သရော်သံတမျိုး ထွက်လာသည်။ နှာခေါင်းမှ ထွက်လာသည့် အသံမျိုး။

"အဲဒါ ဘာလုပ်တာလဲ"

စီးကရက်က စိတ်တိုသွားပုံဖြင့် ပြန်မေးလိုက်သည်။

"သမီး မှန်ပါတယ် ဆူစန်၊ လုံးဝ မှန်ပါတယ်"

ဂျူလီယံက ပြန်ပြောတော့ ဆူစန် မကျေနပ်နိုင်သေး။

"ဒါဆို အဲဒီအသံမျိုး ဘာလို့ ထွက်လာတာလဲ"

ပြောရင်း စီးကရက် ရင်ကျပ်သလိုလို ဖြစ်လာသည်။ ရင်ခေါင်းထဲမှာ တရှီရှီ မြည်လာသည်။

"ဘာရယ်လို့ မဟုတ်ပါဘူးကွယ်၊ သမီး မှန်ပါတယ်၊ သမီး ဖေဖေက အဝတ်တွေ ဝယ်ဆင်နေတာပဲ။ ကရွမ်းဝဲလ် အဆင့်နဲ့တော့ ဟုတ်နေတာ ပေါ့လေ"

"ဒါပေါ့ ... ဒါပေါ့"

စီးကရက်၏ အသံက လိုတာထက် ပိုကျယ်သွားသည်။

"သမီးက သိပ်ငယ်သေးတယ်၊ ဒါပေမဲ့ တနေ့မှာ 'အာမနီ' နဲ့ 'ပရာဒါ' ဆိုတဲ့ နာမည်တွေဟာ သမီးအတွက် အရေးပါလာလိမ့်မယ်၊ ကျုပ်က သမီးကို မင်းသမီးလေးတပါးလို ထားချင်တာဗျ၊ ဒါပေမဲ့ လေယာဉ်မှူး ဆိုတာလည်း မဆိုးပါဘူးလေ၊ ဝင်ငွေတော့ ဘယ်လောက်ရလဲ မသိဘူး"

"တော်လောက်ပြီ ထင်တယ် ဂျူလီယံ"

အဲလစ်က ဝင်ဖြတ်လိုက်သည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"ကိုယ်က သူ့ကို ကမ္ဘာကြီးအကြောင်း နားလည်စေချင်လို့ပါကွာ"

အဲလစ်က အသံနိမ့်ပြီး-

"ဝီလ် မကောင်းကြောင်း သမီးကို မပြောရဘူးလေ"

သို့သော် နောက်ကျသွားပြီ။ စီးကရက် ရင်ကျပ်လာသည်။ အသက် မနည်းရှူနေရ၏။ အဆုတ်ထဲတွင် ရှူစရာလေ မရှိတော့သလို။ ရင်ဘတ်ထဲ အောင့်လာသည်။ သို့သော် အဆုတ်ရောဂါက တပိုင်း။ ပိုဆိုး သည်မှာ နှလုံး ကို အညှစ်ခံလိုက်ရသလို တင်းကျပ်သွားခြင်း ဖြစ်သည်။ အိတ်ထဲ နှိုက်လိုက်- ပြီး ရှူဆေးဘူး အသင့်တွေ့သဖြင့် တချက်ဖိကာ ရှူ လိုက်သည်။ လေထွက် သွားသံ ကြားတော့ သူ့အမေက လှည့်ကြည့်ပြီး အခြေအနေကို အမူအရာဖြင့် မေးလိုက်သည်။ စီးကရက် ခေါင်းညိတ်ပြလိုက်၏။ မျက်လုံးထဲတွင် မျက်ရည် တွေ ပြည့်လျှံနေသည်။ သားအမိနှစ်ယောက် တဦးကိုတဦး စိုက်ကြည့်နေ ကြသည်။ မရနိုင်သည့် အရာကို တောင့်တနေကြသည့်အလား။

*

ဆာရာက စက္ကူအင်္ကျီပွကြီး ဝတ်ပြီး ဆေးခန်း ခုတင်ရှွန်းတွင် အစစ်ဆေးခံ ဖို့ ဒေါက်တာဂူဒါကာကို စောင့်နေသည်။ တလ တခါ အစစ်ခံဖို့ လာရသည်။ လာတိုင်း အကြာကြီး စောင့်ရသည်။ ဒေါက်တာဂူဒါကာသည် နာမည်ကျော် ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီး ဖြစ်သည်။ သူ့ ဆီလာသည့် လူနာ တိုင်းသည် သေရွာပြန်များ သို့မဟုတ် သေမင်း၏ ခံတွင်းဝမှ လူနာများ ဖြစ်ကြသည်။ ကားတိုက်လို့ ခေါင်းကွဲသူများ၊ ဦးထုပ်မပါဘဲ မော်တော် ဆိုင်ကယ်မှောက်ရာမှ ဒဏ်ရာရသူများ၊ ဦးနှောက်တွင် ကင်ဆာကျိတ် တွေ့သူ များ စသည် စသည်။

နောက်ဆုံးမှ ဒေါက်တာဂူဒါကာ ဝင်လာသည်။ သူက အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး။ အနက်ရောင် ဝတ်စုံပေါ်တွင် အဖြူရောင် ဂျူတီကုတ် ထပ်ဝတ် ထားသည်။ နက်မှောင်နေသည့် ဆံပင်တွေကို ခပ်တိုတို ညှပ်ထားသည်။ အရယ်အပြုံး မရှိဘဲ ဆာရာ၏ ဆေးမှတ်တမ်းကို ဆွဲယူလိုက်သည်။

သူက မျက်မှောင်ကြုတ်ပြီး ဖိုင်တွဲကို လှန်၍ ဖတ်နေသည်။ ဆာရာ

mgyoe.com

mgyoe.com
SAMPLE BOOK


က သူ၏ ခပ်တည်တည် အမူအရာကို မကြောက်တော့။ ဒေါက်တာ ဝူဒါကာ သည် သူ့အသက်ကို ကယ်ထားသူ ဖြစ်သည်။ ထို့ကြောင့် သည် ဆရာဝန်ကြီး ကို ဆာရာ ချစ်ခင်အားကိုးသည်။

"ဟဲလို… ဆာရာ၊ နာသေးလား"

"အနာရွတ်ကို ထိလိုက်တဲ့အခါပဲ နာတာပါ ဆရာ"

"ထုံတာ၊ တစစ်စစ် နာတာမျိုးကော ရှိသေးလား"

"မရှိပါဘူး ဆရာ"

မှတ်တမ်းကို ပြန်ငုံ့ကြည့်ပြီး ဆက်မေးသည်။

"သတိ လစ်လစ်သွားသေးလား"

"ဇူလိုင်လ နောက်ပိုင်း မလစ်တော့ပါဘူး ဆရာ"

ဆာရာက မျက်လုံးအစုံကို ပိတ်ပြီး ဖြေလိုက်သည်။ သတိ လစ်လစ် သွားသည့် အဖြစ်ကိုတော့ သူ စိတ်ပျက်သည်။ သည်လိုဖြစ်ခဲ့တာ သုံးကြိမ် ရှိပြီ။ တခါကတော့ သတိလစ်လောက်သည့် အဖြစ်ဆိုးနှင့် ကြုံသဖြင့် မေ့မျော သွားခြင်း ဖြစ်သည်။ လွန်ခဲ့သည့် ကိုးလက ဆာရာ လုံးဝ ကျန်းမာသန်စွမ်း သည့် အမျိုးသမီးတဦး ဖြစ်သည်။ မာရသွန်အပြေးပြိုင်ပွဲ ဝင်ဖို့ လေ့ကျင့်နေရာ တနေ့ ခုနစ်မိုင် ပြေးနိုင်နေပြီ။ တနေ့တွင်တော့ ရေချိုးနေရာမှ မေ့လဲသွားရာ သတိရတော့ ရေချိုးကန်ထဲတွင်ပင် ရှိသေးသည်။ ရေပူတွေ ထွက်သွားပြီး ပြန်ဖြည့်ဖို့ သတိမရတော့။ ဘယ်လောက် ကြာကြာ သတိလစ်သွားသည် မသိ။ သတိပြန်ရလာတော့ ၉၁၁ ကို ဖုန်းဆက်ဖို့ ဖုန်းရှိရာသို့ ရှိသမျှ အင်အား ထုတ်ပြီး တွားသွားသည်။

ပထမနေ့တွင် သူ့ကို လေဖြတ်သွားသည်ဟု ဆေးရုံက ထင်လိုက် ၏။ စကား ကောင်းကောင်း မပြောနိုင်တော့။ အရာဝတ္ထုတွေကို တခုအစား နှစ်ခု မြင်နေသည်။ နှလုံးအထူးကုက EKG နှင့် EEG ရိုက်ခိုင်းသည်။ ပြီးတော့ CT စကင် ရိုက်ခိုင်းသည်။ ဦးနှောက်နှင့်အာရုံကြောဌာနက နေ့ချင်း ပြီး အဖြေထုတ်နိုင်ခဲ့သည်။ ခေါင်းထဲတွင် အကျိတ် ဖြစ်နေသည် တဲ့။

ဆရာဝန်က မှတ်တမ်းကို ချပြီး ဆာရာ့ မျက်လုံးကို ငုံ့ကြည့် သည်။

"အိုကေ၊ မတ်မတ်ထိုင်ပြီး မျက်လုံးနှစ်ဖက်လုံး ပိတ်ထားပါ၊ ဟုတ်ပြီ၊

mgyoe.com

mgyoe.com

SAMPLE BOOK


ရှေ့တည့်တည့်ကို လက်နှစ်ဖက် ဆန့်ထားပါ၊ ဟုတ်ပြီ၊ ဘေးနှစ်ဖက်ကို လက်ဆန့်လိုက်ပါ''

ငှက်တွေ အတောင်ပံဖြန့်သလိုပေါ့ဟု တွေးလိုက်သည်။ ပြီးတော့ မိန်းကို လေယာဉ်ပျံနှင့် ပျံသလိုပေါ့။

''ဘယ်ဘက် လက်ညှိုးနဲ့ နှာခေါင်းကို ထိလိုက်ပါဦး၊ ဟုတ်ပြီ၊ ညာဘက်၊ ဟုတ်ပြီ၊ မျက်လုံးဖွင့်ပြီး ပြန်ပိတ်လိုက်ပါဦး၊ အိုကေ၊ အားလုံး ကောင်းပါတယ်''

သူ့ဆီကို ဆာရာ ပထမဆုံး ရောက်လာတုန်းက ပထမဆရာဝန်၏ ရောဂါအမည်ပေးပုံကို သဘောမကျ၍ ရောက်လာခြင်း ဖြစ်သည်။ ထို ဆရာဝန်က သူ့ကို ခေါင်းထဲတွင် ထုတ်၍မရသည့် အရိုးကင်ဆာကျိတ်ဟု အမည်တပ်သည်။ အကျိတ် အမျိုးအစား များစွာတွင် အဆိုးဆုံးအကျိတ်ဟု ဆိုသည်။ ထုတ်၍ ရသည့်တိုင်အောင် ဆယ်ပတ်ထက် ပို၍ အသက်မရှင် နိုင်ဘူးတဲ့။ ပြီးတော့ သူက အကြံပေးသည်။ ပဲရစ်သို့ အလည်သွားပြီး ကြိုက်သည့် အစားအစာတွေ တဝကြီးစားပြီး ချစ်သူခင်သူတွေကို နှုတ်ဆက် လိုက်တော့။ အများဆုံးခံလျှင် ဆယ်ပတ်ပဲတဲ့။

အိမ်ပြန်လာပြီး အမေ့တုန်းကကဲ့သို့ပင် ဘောလုံးကလေး တလုံးလို လုံးနေအောင် ကွေးအိပ်ရင်း၊ အမေ့ကို မေတ္တာပို့လျက် ငိုသည်။ အဖျား ဝင်လာသည်။ လုံးဝ အားမရှိတော့။ သည်တွင် သူနာပြု လိုလာသဖြင့် ရှာ တော့ မာဂရက်ဖာဂူဆန်နှင့် ချိတ်မိခြင်း ဖြစ်သည်။ ဆေးရုံတက်ပြီး မခွဲခင် ရက်သတ္တပတ်သည် ဆာရာအတွက် ငရဲကျသည့်ကာလ ဖြစ်သည်။ သည် ရက်ပိုင်းတွင်မှ မိုက်က မိန်းသို့ ထွက်သွားသည်။ မာဂရက် အကြံပေး သည့်အတိုင်း ဒေါက်တာဂူဒါကာနှင့် သွားပြသည်။ ခွဲစိတ်အောင်မြင်သဖြင့် သည်အခြေအနေတွင် ရှိနေခြင်း ဖြစ်သည်။

ဆရာဝန့် ထောက်ခံချက်ယူဖို့ ဆာရာ ဖွင့်ပြီး တိုင်ပင်လိုက်သည်။

''ဆာရာ ခရီးထွက်ဖို့ စဉ်းစားနေတယ် ဆရာ''

''ဟုတ်လား၊ ဘယ်ကိုလဲ''

ဦးခေါင်းနောက်ပိုင်း အမာရွတ်ကို သေသေချာချာ ကြည့်နေရင်း ဆရာဝန်က ပြန်မေးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ဟုတ်ကဲ့၊ သားလေးရှိတဲ့ မိန်းကို သွားမလားလို့ပါ ဆရာ"

"ဟုတ်လား"

ခွဲထားသည့် အမာရွတ်ကို သေသေချာချာ ကြည့်နေရင်း ထပ်မေးသည်။ ဆာရာ့ ဦးခေါင်းထဲမှ ကင်ဆာကျိတ်မှာ ဦးနှောက်အာရုံကြောပေါ်တွင် ရှားရှားပါးပါး ပေါက်သည့် အကျိတ်အမျိုးအစား ဖြစ်သည်။ ဒေါက်တာဂုဒါကာက ကိုးဆယ့်ကိုးရာခိုင်နှုန်း ထုတ်ပစ်လိုက်ပြီးပြီ။ ဦးနှောက်နှင့် ဦးခွံအကြားတွင် အကျိတ်တွေ့ခြင်းဖြစ်၍ ဦးခေါင်းခွံတွေ အများကြီး လှီးထုတ်ပစ်လိုက်ရသဖြင့် ခေါင်းနောက်ပိုင်းတွင် U ပုံသဏ္ဍာန် ရောမ အမာရွတ်ထင်ကျန်ရစ်သည်။

"သူ့အကြောင်း ဆရာ့ကို ဆာရာ ပြောဖူးတယ်လေ၊ မိုက် လေဆရာ၊ သူက မိန်းမှာ အဘိုးနဲ့ သွားနေတယ်လေ၊ ဆရာဆီ လာပြတဲ့ ရက်ပိုင်းလောက်မှာပဲ ထွက်သွားတာ"

"သွားလို့ ရ၊ မရ ဆရာ့ကို မေးနေတာလား ဆာရာ"

"ဟုတ်ပါတယ် ဆရာ"

"ဖြစ်ပါတယ်၊ သွားလို့ ရပါတယ်"

အခန်းထဲမှ ဗီရိုအံဆွဲကို ဆွဲဖွင့်ရင်း လူနာကို သေသေချာချာ ကြည့်ပြီး မေးလိုက်သည်။

"ဒေါက်တာဘော့ဇွဲလ်နဲ့ကော တွေ့ပြီးပြီလား"

"ဟင့်အင်း၊ မတွေ့ရသေးဘူး ဆရာ၊ သွားတွေ့လိုက်ရမလား"

ဒေါက်တာဘော့ဇွဲလ်မှာ ကင်ဆာဆေးသွင်း ဆရာဝန်မ ဖြစ်သည်။ သူက ဆာရာ့အား ကီမိုသာရပီနှင့် ဓာတ်ကင်သည့်နေရာတွင် တာဝန်ယူထားသည့် အမျိုးသမီးဆရာဝန်။ ပထမဆရာဝန် ပြောသည့် အရိုးပေါ်တွင်ဖြစ်သည့် ကင်ဆာကျိတ် မဟုတ်ဘဲ ယင်းလောက် အန္တရာယ်မများသည့် အကျိတ်၊ ထုတ်ပစ်၍ရသည့် အကျိတ်ဟု ဒုတိယအယူအဆ ဖော်ထုတ်သည့် ဆရာဝန်မဖြစ်သည်။

ဒေါက်တာဂုဒါကာက ဆက်ပြောသည်။

"ရပါတယ်လေ၊ ဆရာပဲ ဆက်မေးလိုက်ပါ့မယ်၊ သူက အိုကေဆိုရင် ဆရာ့ဘက်က ကန့်ကွက်စရာ မရှိပါဘူး"

mgyoe.com

"အဆင်ပြေမှာပါနော် ဆရာ"

ဆာရာက ထပ်မေးလိုက်သည်။

"ဆရာတို့ လုပ်နေရတဲ့ အခြေအနေ မင်း သိပါတယ် ဆာရာ၊ ခုအချိန်အထိတော့ အခြေအနေ ကောင်းနေပါပြီ"

"နောက်တခါ ထပ်မဖြစ်ပါရစေနဲ့တော့ ဆရာ"

ပြောရင်း ကျောထဲ စိမ့်သွားသည်။

"ဆရာတို့ သိပါတယ် ဆာရာ၊ ကြိုတော့ အာမမခံနိုင်ဘူး၊ မင်းရဲ့ အကျိတ်က..."

ဆက်ပြောဖို့ မလိုဘဲ သူ့ အမူအရာကို ဆာရာ ဖတ်နိုင်နေသည်။ ဘယ်သူမှ ပြန်ပေါ်မည်၊ မပေါ်မည်ကို အာမမခံနိုင်။

"သတိနဲ့နေပေါ့ ဆာရာ၊ ထုံလာမယ်၊ တစစ်စစ်ကိုက်မယ် ဆိုရင် ဆရာ့ကို ချက်ချင်း အကြောင်းကြားပါ၊ ဒါပေမဲ့ ခရီးမထွက်ရလောက်အောင်တော့ ပြဿနာ မရှိပါဘူး"

"ကျေးဇူးပါ ဆရာရယ်"

ဆာရာက ဝမ်းသာအားရ ပြန်ပြောလိုက်သည်။ ပြေးပွဲတွင် ဆုရသလို စိတ်ထဲ ထင်လိုက်၏။

"နောက်တလအကြာ ပြန်ပြချိန်မှ တွေ့မယ်နော်"

သူ အခန်းထဲမှ လှမ်းထွက်ဖို့ ဟန်ပြင်သည်။

"ဆရာ"

ဆာရာက သူနှင့် ကိုယ်ရေးကိုယ်တာကိစ္စ ပြောရလောက်အောင် မရင်းနှီး။ အရဲစွန့်ပြီး မေးလိုက်သည်။

"ဆရာ့အဖေ အခြေအနေကော ဟင်"

နောက်ဆုံးတခေါက် ဆေးခန်းလာတုန်းက ဆရာ့အဖေ နှလုံး ရောဂါ ဖြစ်နေသည့် အကြောင်း ဆရာမတွေ ပြောနေသံကြား၍ မှတ်ထားခြင်း ဖြစ်သည်။

ဆရာဝန်က သူ့ကို အံ့သြသွားပုံဖြင့် ပြန်ကြည့်ပြီး-

"သက်သာသွားပါပြီ၊ သူက ဖလော်ရီဒါမှာ နေတာလေ၊ ဆရာ့အစ်ကိုက ပြုစုပေးနေတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဆရာ့အစ်ကိုက အလုပ်အကိုင် ကောင်းရဲ့လား"

ဒေါက်တာဂူဒါကာက ဆရာ့ကို တချက် ပြန်ကြည့်ပြီး ပြော လိုက်သည်။

"သူက သိပ်တော်တယ်၊ သိပ်ကံကောင်းတဲ့ သူတော်ကောင်း တယောက်၊ လူတိုင်း သူနဲ့တူရင် သိပ်ကောင်းမှာ"

ပြောပြီး တံခါးကို အသာပိတ် ထွက်သွားသည်။

အခန်းထဲတွင် ဆရာ တယောက်တည်း ကျန်ခဲ့သည်။ ရင်တွေ ခုန်လျက်။ ဘဝတွင် ဘယ်တုန်းကမှ သူတော်ကောင်းတယောက်နှင့် မဆုံခဲ့ ဖူးပေ။ ဝိလ်ဘတ်ခ်အကြောင်း ခေါင်းထဲဝင်လာသည်။ ပွဲခင်းထဲတွင် သူနှင့် တွေ့ပုံ။ ပြီးတော့ သူ့လေယာဉ်ကလေးနှင့် ကောင်းကင်တွင် ဝဲပျံခဲ့ပုံ။

ခုတခါ မိုက်ဆီကို သူ့လေယာဉ်နှင့် သွားဖြစ်ကြဦးမည် တဲ့။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ဝီလ်က ဝင်ဒါမီယာ တောင်ကုန်းတွေဆီသို့ ဦးတည် မောင်းနှင်ခဲ့သည်။ ထင်းရှူးဖြူတောကို ဖြတ်သန်းလာခဲ့သည်။ တောင်ကုန်းတွေပေါ်တွင် နှင်းတွေ ဖွေးနေသည်။ အချိန်မှာ သောကြာနေ့ ညနေပိုင်းဖြစ်ပြီး သမီးကိုခေါ်ဖို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဂျူလီယံ၏ ကျောက်ဖြူသား အိမ်ကြီးသည် ဆောင်းရှုခင်းတွင် ပို၍ ခမ်းနားကြီးကျယ်နေသည်။ ဖာရာရီ ကားကြီးနှစ်စီး၊ ပရေရီ ပြိုင်ကား ဟောင်းကြီးနှစ်စီးနှင့် ပေါ့ရှ် (၃၅၆) တစီး ကားရုံရှေ့တွင် ရပ်ထားသည်ကို အဝေးကပင် မြင်နိုင်သည်။ ဝီလ်က သူ့ကားကို အိမ်ရှေ့တွင် ရပ်လိုက်သည်။ အဲလစ်နှင့် ဆူစန်တို့ သားအမိ သူ့ကားကြောင့် သိက္ခာကျနေမည်ကိုလည်း စိုးရိမ်နေ၏။

သမီး ဆူစန် ပြေးထွက်လာမည်ဟု ထင်သော်လည်း ထွက်လာသူက အဲလစ်။ အမျိုးသမီးကို လှမ်းမြင်တော့ ဝီလ် အသက်ရှူဖို့ မေ့သွားသည်။ ခုထက်ထိ လှနေဆဲ။ အသားအရေမှာ နို့နှစ်ရောင်ပြေးနေပြီး ဗာဒံစေ့ပုံ မျက်လုံးများနှင့် ရွှေရောင်ဆံပင်များ ပိုင်ရှင်။ အဲလစ်က လက်ပိုက်ပြီး လှမ်းပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK


"ဆူစန်က ခဏ နောက်ကျမယ် တဲ့၊ နည်းနည်း စောင့်ပေးပါ တဲ့"

ဝီလ်က ကားထဲမှ ထွက်ပြီး တံခါးကို မှီလျက် ပြန်ပြောလိုက်သည်။

"ရပါတယ်၊ ကိစ္စ မရှိပါဘူး"

သူက ဂျင်းဘောင်းဘီနှင့် အစိမ်းရောင် ဆွယ်တာဟောင်းကြီးကို ဝတ်လာသည်။

အဲလစ်က-

"တလောက သူ ပန်းနာထသေးတယ်၊ တော်တော် ဆိုးတယ်၊ စိတ်လှုပ်ရှားလို့ မရဘူး၊ သူ့ဘာသာသူ စိတ်မထိန်းတော့ ပိုဆိုးတာပေါ့၊ သူ ဖြတ်သန်းခဲ့ရတာတွေက စိတ်ချမ်းသာစရာမှ မရှိတာ၊ ဝိုင်းပြီး ဂရုစိုက်ကြ ရမှာပဲ"

ဝီလ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

"ကိုယ်က သူ့ဘဝမျိုး ဆယ့်ငါးနှစ်သားကတည်းက ဖြတ်သန်း ခဲ့တာပါကွာ"

"အဲဒီအကြောင်း မပါရင် မပြီးတော့ဘူးလား"

သူ ဘာပြောချင်တာပါလိမ့်။ ဝီလ် စဉ်းစားမရ ဖြစ်နေသည်။ သူ စီးထားသည့် ဖိနပ်ကို ငုံ့ကြည့်သည်။ လွန်ခဲ့သည့် ငါးနှစ်က အဲလစ် ဝယ်ပေးသည့် ဖိနပ်။

ဝီလ်က မေးလိုက်သည်။

"တခု မေးမလို့၊ ကျေးဇူးတော်နေ့မှာ..."

အဲလစ်က ဆတ်ခနဲ ခေါင်းထောင်ပြီး-

"သူ ဒီမှာပဲ နေရမှာ၊ အစီအစဉ်တွေ..."

"ဘာကွ"

ဝီလ်က လက်တဖက် မြှောက်ပြီး စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ တိုတိုတုတ်တုတ် ပြောနေရင်း တင်းမာလာကြသည်။ ဘယ်လို ညှိရ မှာပါလိမ့်။

"စာချုပ်ထဲမှာ ပါတယ်လေ၊ ရုံးပိတ်ရက်တွေမှာ သူ အမေနဲ့ နေရမှာလေ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"အေးပါ၊ ဖြည်းဖြည်း ပြောကြတာပေါ့၊ ကိုယ်က မေးကြည့်တာပါ အဲလစ်၊ ကိုယ်က မိန်းကို သွားဖို့ ချာတာရလို့၊ ခရီးဝေးထွက်တာကို မင်းသိထားဖို့ လိုမလားလို့"

အဲလစ် ခေါင်းညိတ်သည်။ သို့သော် မျက်နှာက မကြည်မသာ။

"မပူပါနဲ့၊ စီးကရက် အိုကေမှာပါ"

အဲလစ် ဒေါ်ပွပါလေတော့သည်။

"စီးကရက် ဟုတ်လား၊ ဘာ စီးကရက်လဲ ဝီလ်၊ မိဘက ဆူစန် လို့ နာမည် မှည့်ထားပြီးသားကို၊ စီးကရက်တွေ ဘာတွေ လာရှုပ်မနေနဲ့၊ ပေါက်တတ်ကရတွေ၊ ဂျူလီယံက ပြောတယ်၊ သူ့ကို သေသေချာချာ ကျွမ်းကျင်တဲ့ ဆရာဝန်နဲ့ ပြဖို့ လိုတယ် တဲ့"

"မပြောလိုက်ဘူးလား၊ မင်းနဲ့ ငါ ပြုစုလာလို့ ဒီအရွယ် ရောက်လာတာလို့"

"ပြောလိုက်ပါတယ်။ သူက ဒေါက်တာဒါရှိနဲ့ သိတယ်"

ပြောရင်း အဲလစ်က လက်ချောင်းကလေးတွေကို ကွေးချည် ဆန့်ချည် လုပ်နေသည့်အခါ လက်မှ လက်ထပ်လက်စွပ်က စိန်ပွင့်ကြီးက တလက်လက်။ ဒါလောက်ကြီးသည့် စိန်မျိုး ဝီလ် တခါမှ မမြင်ဖူးခဲ့။ စိန်ပွင့်ကြီးကို စိန်ပွင့်ကလေးတွေ၊ မြပွင့်ကလေးတွေ ခြံရံထားသည့် စိန်မြရံခြယ် လက်စွပ်ကြီး။

"ဟိုင်း"

သူတို့ သမီးကလေး အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ကျောပိုးအိတ်ကို နောက်တွင် သိုင်းလျက်။ လက်ထဲတွင် ကြိုးရှုံ့အိတ်ကလေး တလုံးနှင့် အိတ်ငယ်တလုံး ပါသေးသည်။

ရုပ်ရှင်မင်းသမီးလေးတလက်လို မြူးမြူးကြွကြွ ပြုံးလျက်။ လက်နှစ်ဖက်ကို ဆန့်ပြီး ရှေ့တိုးလာသည်။ နှင်းဖုံးနေသည့် လမ်းတွေပေါ် ပြေးလာတော့ အဖေက ဆီးဖက်သည်။

"ဟဲလို… ဖေဖေ၊ မြို့ထဲက ပတ်မောင်းလို့ ရလားဟင်၊ မိတ်ဆွေတယောက်ကို ဝင်ပေးစရာရှိလို့"

"သိပ်ရတာပေါ့"

အဲလစ်က သံပြတ်ဖြင့် ဝင်ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


"ကျေးဇူးတော်နေ့မှာ ရှင် ရှိနေမယ့် ဖုန်းနံပါတ် ပေးထားပါ၊ အကယ်၍..."

"ကျေးဇူးတော်နေ့မှာ ဖေဖေ သွားစရာ ရှိတယ်... ဟုတ်လား"

စီးကရက်က မေးလိုက်သည်။

"အလုပ်နဲ့ သွားရမှာပါ သမီးရယ်"

"ကျေးဇူးတော်နေ့မှာ အလုပ်မနားဘူး... ဟုတ်လား"

"မာဂရက်တို့ သားအမိရဲ့ မိတ်ဆွေ ဆာရာတဲလ်ဘော့နဲ့ မိန်းကို သွားရမယ်"

စီးကရက်က သူ့အထုပ်တွေကို ငုံ့ကြည့်ပြီး-

"သြော်... သူ့ကို သွားပို့မှာလား"

"ရှုုဆေးဘူး ပါရဲ့လား သမီး"

အဲလစ်က သမီးကို သူ့အဖေ ရင်ခွင်ထဲမှ ဆွဲထုတ်ပြီး ဖက်လိုက်သည်။

ဇနီးဟောင်းကို တွေ့တော့ အဖြစ်ဟောင်းတွေ ပြန်ပေါ်လာသည်။ စိတ်ပျက်ပျက်နှင့် ဝီလ်က မျက်နှာလွှဲလိုက်စဉ် ကားရုံထဲက ထွက်လာသော ဂျူလီယံကို မြင်သဖြင့် ပြန်ဖို့ ပြင်လိုက်သည်။

"သမီး အသင့်ဖြစ်ပြီလား၊ ဖြစ်ရင် သွားစို့ စီးကရက်"

ဝီလ်က သမီးလက်ထဲက အိတ်တွေကို လှမ်းယူဖို့ လက်ဆန့်ရင်း ပြောလိုက်သည်။

"အိုး... တော်ပါတော့။ အဲဒီ နာမည်ကြီး မုန်းလွန်းလို့"

အဲလစ်က ခါးခါးသီးသီး ပြောလိုက်သည်။

"မေမေ မခေါ်ချင် မခေါ်နဲ့ပေါ့၊ သမီးကတော့ ကြိုက်တဲ့နာမည် ပြောင်းနေမှာပဲ၊ သန်းခေါင်ကျော်သွားရင် စနိုးလို့ ထပ်ပြောင်းဦးမှာ"

"ဆူစန်..."

အဲလစ် ဒေါသတကြီး လှမ်းအော်လိုက်သည်။

"ဟဲလို... ဟဲလို..."

ဂျူလီယံ အနားရောက်လာပြီး နှုတ်ဆက်သည်။ သူက ပိန်ပိန် ရှည်ရှည်။ အလွန်တန်ဖိုးကြီးသည့် ဆိတ်ကလေးသားရေဖြင့် ချုပ်ထားသော ဂျာကင်အင်္ကျီကို ဝတ်ထားသည်။ ရင်ဘတ်တွင် သူ့ကုမ္ပဏီမှ ထုတ်လုပ်သည့် ပြိုင်ကားတံဆိပ်ဖြင့်။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဟဲလို… ဂျူလီယံ"

ဝီလ်က လက်ဆွဲနှုတ်ဆက်လိုက်သည်။ သမီးလုပ်သူက အမေနှင့် အပြိုင် သံစဉ်အမြင့်နှင့် တုံ့ပြန်လိုက်သည်။

"ဘာဖြစ်လို့ စနိုးလို့ ပြောင်းမှာလဲ သိလား၊ ဖရက်ကြောင့်၊ သူက ဆောင်းကို သိပ်ချစ်တာ၊ မောင်နှမနှစ်ယောက် နှင်းတောင်တွေဆီ အမြဲ သွားတယ်လေ"

"ဆူစန်… သမီးရယ်၊ တော်ပါတော့…"

"နှင်းတွေနဲ့ နတ်သမီးရုပ်လေး လုပ်တာ သူ သင်ပေးတာ၊ ဟိုတုန်းက မိသားစု နယူးပို့ကို သွားပြီး နှင်းလွင်ပြင်ပေါ်မှာ ပက်လက်လှန်အိပ်ပြီး ကောင်းကင်ကြီးကို လက်ပြကြတာ မှတ်မိလား"

"အင်း… မှတ်မိတယ်၊ မှတ်မိတယ်"

ဝီလ်က ပြောလိုက်ခြင်း ဖြစ်သည်။

"သမီးရယ်… တော်ပါတော့၊ သမီး နာမည်ပြောင်းလို့လည်း သူ အသက်ပြန်ရှင်လာမှာ မဟုတ်တော့ပါဘူး"

သမီး၏ လက်ကောက်ဝတ်ကို ကိုင်ဆုပ်ပြီး အဲလစ်က ပြောလိုက် သည်။

"ကောင်းကင်ပေါ်ကနေ နှင်းတွေ တဖွဲဖွဲ ကျနေတယ်၊ ပက်လက် လှန်နေရတာ သူ ဘယ်တော့မှ မငြီးငွေ့ဘူး၊ သူ ဆုံးတာ စက်တင်ဘာနော်၊ အဲဒီကျရင် နာမည်ပြောင်းဦးမှာ၊ စက်တင်ဘာလို့၊ သူက သိပ်ကတိတည် တာ၊ လျှို့ဝှက်ချက်တွေကို ဘယ်သူ့မှ ပြန်မပြောဘူး၊ ဒါကြောင့် စီးကရက် လို့ နာမည်ပြောင်းလိုက်တာ"

"အို… ဘုရား… ဘုရား…"

အဲလစ်က လက်ဝါးနှစ်ဖက်ပေါ်သို့ မျက်နှာ မှောက်ချလိုက်သည်။

ဂျူလီယံက အဲလစ်ပခုံးကို သိုင်းဖက်ပြီး ဝီလ်ကို လှမ်းပြောသည်။

"သမီးကို ခင်ဗျား ဘယ်လိုမှ ပြောလို့ မရဘူးလား"

အဲလစ်က ဝီလ်ကို တချက် လှမ်းကြည့်သည်။

သူက တခွန်းမျှ ဝင်မပြော။ သူ့သမီးလက်ကို လှမ်းဆွဲပြီး ဆုပ်ထား လိုက်သည်။ အနားကို ဆွဲခေါ်ပြီး ချော့မည်လုပ်တော့ သမီးက ရုန်းထွက်

mgyoe.com

mgyoe.com SAMPLE BOOK


လိုက်ပြီး ဂျူလီယံနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ပြီးတော့ မုန်းတီးစွာဖြင့် ဒေါသတကြီး အော်ပြောလိုက်သည်။

"ကျွန်မအဖေကို ဒီလို မပြောပါနဲ့"

ဂျူလီယံက ဆတ်ဆတ်ထိမခံ ပြန်ပြောသည်။

"ဒီမယ်… ဆူစန်၊ မင်းအမေကို မလေးမစား လုပ်ရင် ငါ့မိန်းမဘက်က ငါ ကာကွယ်ရလိမ့်မယ်။ မင်းအဖေက ဘာမှ မပြောရင် ငါ ပြောရလိမ့်မယ်။ ဟိုမှာ… သူ ဘယ်လောက် စိတ်ထိခိုက်နေလဲ ကြည့်စမ်း။ အရူးထပြီး နာမည်တွေ လျှောက်ပြောင်းမနေနဲ့ ဆူစန်"

ဝီလ် မျက်စိတွေ ပြာသွားသည်။ လျှပ်တပြက်အတွင်း ဘာလုပ်လိုက်မှန်း မသိ။ သတိဝင်လာလို့ ကြည့်လိုက်တော့ နှင်းဖုံးနေသည့် လမ်းပေါ်တွင် ဂျူလီယံ မှောက်နေပြီ။ လက်သီးက သူ့မျက်နှာဆီ ဘယ်လို ဘယ်လို ရောက်သွားသည် မသိ။ နှင်းဖွေးဖွေးပေါ်တွင် သူ့နှာခေါင်းမှ သွေးတွေ စီးကျနေသည်။

ဝီလ်၏ လက်ဆစ်ကလေးတွေ နာသွားသည်။ သူက တောင်းပန်လိုက်သည်။

"ဆောရီး ဂျူလီယံ"

သူ့လေသံက ခပ်အေးအေး။ ဇနီးဟောင်း၏ ယောကျ်ားအပေါ်မှ မိုးရပ်ပြီး ပြောလိုက်ခြင်း ဖြစ်၏။

"ဒါပေမဲ့ ကျုပ်သမီးကို မောင်းရင် ဘယ်တော့မှ ပြောပိုင်ခွင့် မရှိဘူးဆိုတာ မြဲမြဲ မှတ်ထားပါ"

"ခင်ဗျား သောက်ရူးပဲ"

ပြောပြီး ဂျူလီယံက ကုန်းရုန်းထလာသည်။

ဝီလ်က သမီးကို လှမ်းကြည့်ပြီး အားပေးပြုံး ပြုံးသည်။ ကလေးမက ဆက်ပြောသည်။

"ဆာရာကတော့ သမီးနာမည်ကို သဘောကျတယ်၊ သိပ်လှတဲ့ နာမည်ပဲ တဲ့"

သူ့ မျက်နှာကလေးမှာ အထိတ်တလန့် ဖြစ်နေပြီး၊ လောကကြီးက သူ့ကို လှည့်စားနေသည့်အလား ဇဝေဇဝါ ဖြစ်နေသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


"ဆာရာ… ဟုတ်လား၊ ဘယ်က ဆာရာလဲ"

အဲလစ်က မေးသော်လည်း မည်သူမျှ မဖြေ။

အဖေလုပ်သူက သူ့ကို လက်ကမ်းပေးပြီး–

"လာ… သမီး စနိုး၊ သွားကြစို့"

သားအဖနှစ်ယောက် ဝီလ်၏ အပြာရောင် ဂျစ်ကားအိုကြီးပေါ်သို့ တက်လိုက်ကြသည်။

*

တနင်္ဂနွေနေ့ မနက်တွင် ဆာရာ ဆိုင်ဖွင့်သည်။ တံခါးဝဆီ လှမ်းကြည့်တော့ သားအဖနှစ်ယောက် မုန့်အိတ်ကိုယ်စီ ကိုင်ပြီး ဝင်လာသည်ကို တွေ့ရ၏။

ကလေးမက နှုတ်ဆက်ပြီး လှမ်းပြောသည်။

"သမီးတို့ ညက လာသေးတယ်။ အန်တီက ဆိုင်ပိတ်သွားလို့"

"ဟုတ်လား၊ ရုပ်ရှင် ကြည့်ချင်တာနဲ့ စောစောပိတ်လိုက်တာ။ လက်ထဲက ဘာတွေလဲ သမီး"

"ဆာရာ့အတွက် မနက်စာပါ"

ဆာရာက ပြုံးပြီး–

"အတော်ပဲ။ ဆာရာ အရမ်းဆာနေတာ"

"ဟုတ်လား အန်တီ"

စနိုးက ဝင်ပြောသည်။

"ဟုတ်တယ် သမီး စနိုး"

ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ပြန်မေးလိုက်သည်။

"ဟင်… သမီး နာမည်ပြောင်းတာ အန်တီ ဘယ်လိုလုပ် သိလဲ"

"သမီးပဲ ပြောတာလေ၊ ဆောင်းတွင်းရောက်ရင် စနိုးလို့ ပြောင်းမယ်ဆို၊ ဟိုမှာ ကြည့်လိုက်လေ"

ဆာရာက လမ်းပေါ်ကို လက်ညှိုးထိုးပြလိုက်သည်။ သူတို့ သားအဖ တယောက်မျက်နှာ တယောက် ကြည့်လိုက်ကြသည်။ စနိုး၏ ရင်ထဲတွင် လှိုင်းငယ်ကလေးတွေ ထသွားသည်။ မျက်ဝန်းထဲတွင် ယင်း၏ အရိပ်

mgyoe.com

mgyoe.com SAMPLE BOOK


ထင်ဟပ်လာသည်။ စနိုး သက်ပြင်းရှည်ကြီးတချက် ချလိုက်သည်။ ပြီးတော့ လည်ပင်းတွင် သိုင်းထားသည့် ရောင်စုံ သက္ကလတ်မာဖလာကို ဖြုတ်လိုက်ပြီး နှစ်ဖက်လှ ပိုးမွေ့ရာကြီး ခင်းထားသည့် ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။

"လာ… ဟိုနောက်ဘက်မှာ သွားထိုင်ကြရအောင်"

ဆာရာက သူ့ အလုပ်စားပွဲမှ ကုလားထိုင်များဆီ ညွှန်ပြပြီး ပြောလိုက်သည်။ ပြီးတော့ စားပွဲကို နံနက်စာတွေချရန် ရှင်းပြီး ကော်ဖီနှင့် မုန့်တွေ၊ သစ်သီးဖျော်ရည်တွေ ချလိုက်သည်။

"အန်တီ… မိန်းကို သွားမလို့ဆို"

စနိုးက အိတ်ကလေးကို စားပွဲပေါ်တင်ပြီး မေးလိုက်သည်။ ဆာရာက ဖွင့်ဖို့ ဟန်ပြင်သည့်အခါ စနိုးက နေဦးဟူသည့် အမူအရာဖြင့် ဟန့်လိုက်သည်။ ဆာရာ့ စိတ်ထဲတွင် ထူးဆန်းနေသည် ထင်လိုက်၏။

"ဟုတ်တယ် သမီး။ မိန်းကိုသွားဖို့ အစီအစဉ် ရှိတယ်"

ဝီလ်က စက္ကူကော်ဖီခွက်ကို ဆာရာ့အား လှမ်းပေးရင်း ပြောသည်။

"ရာသီဥတုတော့ ငါးရက်အတွင်းပိုအေးလာမယ်၊ ဒါပေမဲ့ မိုးလေဝသ အခြေအနေ ကောင်းပါတယ် တဲ့"

"မိန်းကို အန်တီက ဘာသွားလုပ်မှာလဲ ဟင်"

စနိုးက စပ်စုလိုက်သည်။

"မိုက်ဆီကို သွားမလို့၊ အန်တီ့သား မိုက်လေ"

"အန်တီနဲ့ ဘာလို့ အတူမနေတာလဲ"

"အန်တီ့အဖေနဲ့ သွားနေတာ"

"ဟော့… စနိုး"

ဝီလ်က ဝင်တားလိုက်သည်။

"ရပါတယ် ဝီလ်၊ ဆာရာက သားအကြောင်း ပြောချင်တာ အတော်ပါပဲ၊ လွန်ခဲ့တဲ့ နှစ်က သူ ဆယ်တန်း မဖြေဘဲ အန်တီ့အဖေရဲ့ ယာတောမှာ သွားနေတာ"

စနိုးက ထပ်ရှည်ပြန်သည်။

"အန်တီ့ဖာတီက ယာတောမှာလား"

mgyoe.com